မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်၊ ၂၀၀၆ ခုနှစ်၊ ဩဂုတ် ၁၉ ရက်၊ စနေနေ့၊ အတွဲ (၄၅)၊ အမှတ် (၃၂၀)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ဗြိတိန်နိုင်ငံသံအမတ်ကြီးခန့်အပ်လွှာပေးအပ်

နေပြည်တော် ဩဂုတ် ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ မာ့(ခ်)ကန်းနင်းသည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။ **(အပေါ်ယာပုံ)**

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီး ဦးကျော်သူနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး မစ္စတာ မာ့(ခ်)ကန်းနင်းအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်)

စက်မှုသုံးပစ္စည်းများ တီထွင်ကြံဆကြိုးပမ်းထုတ်လုပ်

နိုင်ငံတော်၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတစ်ဝန်းတွင် ပြန့်ကျဲနေသည့် ပုဂ္ဂလိက စက်မှုလုပ်ငန်းများကို စုစည်း၍ ၁၉၉၀ပြည့်နှစ်တွင် နိုင်ငံတော်က စက်မှုဇုန် ၁၈ဇုန် ထူထောင်ဖွဲ့စည်းပေးခဲ့သည်။

နယ်မြေဒေသအလိုက် အထက်မြန်မာနိုင်ငံ စက်မှုပြပွဲကို မန္တလေးမြို့၌ ၁၉၉၆ ခုနှစ် ဇန်နဝါရီလတွင် လည်းကောင်း၊ ပဲခူးစက်မှုပြပွဲကို ယင်းနှစ် ဖေဖော်ဝါရီလတွင်လည်းကောင်း၊ မြန်မာ့စက်မှုလက်မှုပြပွဲ ၁၉၉၆ ကို ရန်ကုန်မြို့၌ မေလတွင်လည်းကောင်း ကျင်းပပြုလုပ်ခဲ့သည်။

စက်မှုဇုန်များတွင် လုပ်ငန်းအမျိုးမျိုးနှင့် အရွယ်အစားအမျိုးမျိုး ပါဝင်သည်။ သွင်းကုန် အစားထိုးပစ္စည်း အများအပြားထုတ်လုပ်နိုင်ရေး ကြိုးပမ်းလျက်ရှိရာ စားသောက်ကုန်လုပ်ငန်း၊ လူသုံးကုန်လုပ်ငန်း၊ အထည်ချုပ်စသည့် စက်မှုလုပ်ငန်းများက ပြည်သူများအား အလုပ်အကိုင် အများဆုံးရရှိစေသည်။

သစ်အချောထည်စက်မှုလုပ်ငန်း၊ ငါး၊ ပုစွန်အချောကိုင် အအေးခန်းလုပ်ငန်းများနှင့် လယ်ယာထုတ်ကုန် သန့်စင်ရောင်းချသည့် လုပ်ငန်းကြီးသုံးမျိုးက နိုင်ငံခြားငွေအများဆုံး ရှာဖွေပေးပြီး ပို့ကုန်အထည်ချုပ်နှင့် ဖိနပ်ချုပ်လုပ်ငန်းများကလည်း နိုင်ငံခြားငွေ ရှာဖွေပေးသည့် ပြည်သူအများအပြား အလုပ်အကိုင်ရရှိစေသော လုပ်ငန်းများဖြစ်သည်။

ယနေ့ စက်မှုဇုန်များက အဓိကထုတ်ကုန်တစ်မျိုးအဖြစ် မော်တော်ကားအများအပြား ထုတ်လုပ်လာကြသည်။ ပစ်ကပ်လေးချိတ်၊ တစ်တန်၊ တစ်တန်ခွဲ၊ နှစ်တန်၊ သုံးတန်ယာဉ်ငယ်များ၊ ဂျစ်ကားများ၊ ခြောက်ဘီး၊ ရှစ်ဘီး၊ ၁၀ဘီး၊ ၁၂ဘီးကုန်တင်ယာဉ်ကြီးများ၊ လူစီးဘတ်စ်ကားကြီးများ ထုတ်လုပ်လျက်ရှိသည်။

လှိုင်သာယာစက်မှုဇုန်နှင့် ရွှေပြည်သာစက်မှုဇုန်တို့သည် ဖွံ့ဖြိုးမှုအားအကောင်းဆုံး စက်မှုဇုန်များဖြစ်ပြီး မန္တလေးစက်မှုဇုန်၊ မုံရွာစက်မှုဇုန်နှင့် အေးသာယာစက်မှုဇုန် တို့သည်လည်း ဖွံ့ဖြိုးရန် အလားအလာကောင်းများ ရှိနေသည်။

စက်မှုထုတ်ကုန်များ ဆက်တိုက်ထုတ်လုပ်လာနိုင်၍ အကျိုးအမြတ်များ ပိုမိုရရှိလာသည့် အတွက် ပုဂ္ဂလိကလုပ်ငန်းရှင်အများစုသည် ကုန်ထုတ်လုပ်မှုအပိုင်းကို ပြောင်းလဲ ရင်းနှီးမြှုပ်နှံ လာကြသည်။

စက်မှုကဏ္ဍ အမြန်ဆုံးဖွံ့ဖြိုးတိုးတက်လာရေးအတွက် စက်မှုဇုန်များအနေဖြင့် စက်မှုသုံး ပစ္စည်းများကို နည်းပညာ မျိုးစုံသုံးပြီး တီထွင်ကြံဆ ကြိုးပမ်းထုတ်လုပ်သွားကြရမည်ဖြစ်ပေ သည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သတ်မှတ်လျာထားသော ဘဏ္ဍာငွေ ပြည့်မီစွာရရှိရေးဆောင်ရွက် ခရီးသွားပြည်သူများ လုံခြုံစိတ်ချမ်းသာစေရေး ကြိုးပမ်း

ရန်ကုန် ဩဂုတ် ၁၈

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် ဩဂုတ် ၁၃ ရက်က စစ်တွေလေဆိပ်သို့ ရောက်ရှိကြရာ လေဆိပ်ခန်းမဆောင်၌ လေယာဉ်ပြေးလမ်း တိုးချဲ့တည်ဆောက်နေမှုနှင့်စပ်လျဉ်း၍ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှိုင်က မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များကို ဖြည့်စွက်မှာကြားကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် တိုင်းမှူးနှင့်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့သည် စစ်တွေမြို့ ဦးဥတ္တမခန်းမဆောင်၌ ကျင်းပသော စစ်တွေမြို့ပေါ်ရှိ အခြေခံပညာမူလတန်းကျောင်းများသို့ စာရေးစားပွဲနှင့် ထိုင်ခုံများ၊ အလှူငွေများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်ကြ၍အမှာစကားအသီးသီးပြောကြားကြပြီး ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက အခြေခံပညာမူလတန်းကျောင်းများအတွက် ငွေကျပ် ၃၁၉ သိန်း ၃ သောင်းတန်ဖိုးရှိ စာရေးစားပွဲနှင့် ထိုင်ခုံအစုံပေါင်း ၃၃၀၂ စုံ၊ ငွေကျပ် ၆ သိန်း ၅ သောင်းတန်ဖိုးရှိ ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၁၀၀၊ အပ်ချုပ်စက်ခေါင်း ၁၀ လုံးတို့ကို လည်းကောင်း၊ တိုင်းမှူးက ခဲတံဒါဇင် ၁၀၀ ကို လည်းကောင်း၊ အေးရှားဝေါလ်ကုမ္ပဏီမှ စီမံကိန်း ဒါရိုက်တာ ဦးမောင်ကျေးက လူမှုရေးအသင်းအဖွဲ့ခြောက်ဖွဲ့တို့အား တစ်ဖွဲ့လျှင် ငွေကျပ်ငါးသိန်းစီဖြင့် စုစုပေါင်း ငွေကျပ်သိန်း ၃၀ ကို လည်းကောင်း၊ ဦးကျောက်တောင် ကုန်ပို့လုပ်ငန်းက ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းသို့ ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း အသီးသီးပေးအပ်လှူဒါန်းကြရာ တာဝန်ရှိပုဂ္ဂိုလ်များက အသီးသီး လက်ခံကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရခိုင်ဌာနခွဲရုံးသို့ သွားရောက်ကြရာ အစည်းအဝေးခန်းမဆောင်၌ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က ရခိုင်ဌာနခွဲ၏ နောက်ခံသမိုင်း၊ ဖွဲ့စည်းပုံ၊ဌာနခွဲတစ်ခုလုံး၏ လုပ်ငန်းအခြေအနေများကိုလည်းကောင်း၊ တာဝန်ရှိသူများက ရခိုင်ဌာနခွဲရှိ ရေယာဉ်များ ပြေးဆွဲခုတ်မောင်းနေသည့် ခရီးလမ်းကြောင်း၊ ဝင်ငွေရရှိမှုအခြေအနေများနှင့် စစ်တွေသင်္ဘောကျင်း၌ ရေယာဉ်များ အကြီးစား၊ အသေးစား ပြင်ဆင်မွမ်းမံနေမှု အခြေအနေတို့ကို လည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့က သတ်မှတ်လျာထားသော ဘဏ္ဍာငွေပြည့်မီစွာ ရရှိရေး၊ အလေအလွင့်နည်းပါးရေး၊ လုပ်ငန်းများ သတ်မှတ်ချိန်အတွင်း ပြီးမြောက်ရေးနှင့် ခရီးသွားပြည်သူများ လုံခြုံစိတ်ချမ်းသာစေရေးတို့ အတွက် လိုအပ်ချက်များကို ဖြည့်စွက်မှာကြားကြသည်။

တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့သည် ဩဂုတ် ၁၄ ရက်တွင် စစ်တွေတက္ကသိုလ်၌ ကျင်းပသော စစ်တွေ တက္ကသိုလ်၊ နည်းပညာ တက္ကသိုလ်နှင့် ကွန်ပျူတာကောလိပ်တို့မှ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်အဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြပြီး ရှေးဦးစွာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း ဗဟိုနာယက အဖွဲ့ဝင် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်က အမှာစကား ပြောကြားပြီး စစ်တွေ တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဦးဘရွှေက အသင်းဝင် အဆိုပြုလွှာ ၆၂၅ စောင်၊ နည်းပညာကောလိပ်မှ ကျောင်းအုပ်ကြီး ဒေါက်တာမျိုးသူဝင်းက အသင်းဝင်အဆိုပြုလွှာ၁၀၃ စောင်၊ကွန်ပျူတာကောလိပ်မှ ကျောင်းအုပ်ကြီး ဒေါက်တာ စိုးဟေမာက အသင်းဝင်အဆိုပြုလွှာ ၁၁၁ စောင်တို့ကို ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေထံ အသီးသီးပေး အပ်ကြသည်။

ယင်းနောက်ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက စစ်တွေတက္ကသိုလ်၊ နည်းပညာကောလိပ်နှင့် ကွန်ပျူတာကောလိပ်တို့အတွက် ကွန်ပျူတာသုံးစုံတို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူ အသီးသီးတို့က လက်ခံကြသည်။

(သတင်းစဉ်)

လမ်းများပြင်ရာတွင် ချက်ချင်းစပ်၊ ချက်ချင်းခင်းနိုင်ရေးဆောင်ရွက် လုပ်ငန်းအပေါ်စေတနာထား၊ ရေရှည်တည်တံ့အောင်ကြိုးပမ်း

ရန်ကုန် ဩဂုတ် ၁၈

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တာဝန်ရှိသူများလိုက်ပါ၍ ယမန်နေ့နံနက် ၆နာရီခွဲက တာမွေမြို့နယ် ကျိုက္ကဆံလမ်း နှင့် တာမွေဈေး လမ်းဆုံသို့ရောက်ရှိရာ တာဝန်ရှိသူများက တာမွေမြို့နယ် ကျိုက္ကဆံလမ်းတစ်လျှောက် ယာဉ်သွားလာမှု လွယ်ကူစေရန် ကွန်ကရစ်ကတ္တရာဖြင့် လမ်းပေါက်ဖာ လမ်းသားပြုပြင်နေမှုအခြေအနေ (အပေါ်ပုံ)**နှင့် တာမွေအခွန်လွတ်ဈေးဘက်အခြမ်း ရေစီးရေလာကောင်းမွန်စေရန်နှင့် ကျိုက္ကဆံလမ်းပေါ် ရေမတင်ရှိစေရန် ရေနုတ်မြောင်းများအတွင်းမှ အမှိုက်များ၊ သဲနှင့် ခဲများ ဆယ်ယူရှင်းလင်းနေမှု အခြေအနေများကို လိုက်လံရှင်းလင်း ပြသကြသည်။**

ဆက်လက်၍ မြို့တော်ဝန်သည် တာဝန်ရှိသူများနှင့်အတူ တာမွေမြို့နယ် သမိန်ဗရမ်းလမ်းတစ်လျှောက် Pre˚ Mixဖြင့် လမ်းသားကောင်းမွန်စေရန် ပြုပြင်ဖာထေးနေမှု၊ သဃ်န်းကျွန်းမြို့နယ်သံသုမာလမ်းတစ်လျှောက် စက်ယန္တရားကြီးများအသုံးပြုကာ ကွန်ကရစ်ကတ္တရာဖြင့် လမ်းသား ပြုပြင်ဖာထေးနေမှု၊ အောင်ရတနာလမ်းဆုံအနီးတွင် လမ်းဘေးဝဲယာမှ သဲနှင့်ခဲများ ထိုးယူရှင်းလင်းနေမှု၊ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်း တစ်လျှောက် ရေစီးကောင်းမွန် စေရန်နှင့် လမ်းပေါ်ရေမတင်ရှိစေရန် စက်ယန္တရားကြီး များဖြင့် မေတ္တာလမ်းနှင့် ရတနာလမ်းအကြား လမ်းဘေးရေနုတ်မြောင်းများ တိုးချဲ့တူးဖော်နေမှု၊ ရေဆင်းနှာပေါက်များ ချဲ့ထွင်ရှင်းလင်းနေမှုများနှင့် အမှတ်(၄)ရပ်ကွက် ပါရမီလမ်းနှင့် ဝေဇယန္တာ လမ်းဆုံ အနီးတွင် လမ်းပေါ်ရေမတင်ရှိစေရေးအတွက် လမ်းဘေးရေနုတ်မြောင်းကို စက်ယန္တရားများဖြင့် တိုးချဲ့တူးဖော်ရှင်းလင်းနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် မြို့တော်ဝန်က လုပ်ငန်းများ လုပ်ဆောင်ရာတွင် စနစ်တကျဖြင့် သွက်လက်လျင်မြန်စွာ ဆောင်ရွက်ရေး၊ လမ်းများပြုပြင် ဖာထေးရာတွင် Pre Mix ဖြင့် ချက်ချင်းစပ်၊ချက်ချင်းခင်းနိုင်ရေး ဆောင်ရွက်နိုင်ရန် စဉ်ဆက်မပြတ် ကြပ်မတ်လုပ်ဆောင်ရေး၊ မိမိတို့တာဝန်ယူဆောင်ရွက်ရသည့် လုပ်ငန်းများအပေါ် စေတနာထားကာ ရေရှည်တည်တံ့ခိုင်မြဲစေရန် အထူးကြိုးပမ်းလုပ်ဆောင်ကြရေးမှာကြားပြီး လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁၉–၈–၂၀၀၆
(စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၅	၃။	မျိုးချစ်တပ်မတော်
၇း၂၅	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	ဆို၊က၊ရေး၊တီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။	ဆရာတော် ဦးဃောသိတ တရားတော် **"ဘူတံဘူတတောပဿတိ"**

နေ့လယ်ပိုင်း

၁၂း၀၀	၁။	မြဝတီအဖွင့်
၁၂း၀၅	၂။	အဖွင့်သီချင်း
၁၂း၁၀	၃။	မျိုးချစ်တပ်မတော်
၁၂း၂၀	၄။	သာယာသီကြွေးခေတ်ဆန်းတေး
၁၂း၃၀	၅။	ရုပ်မြင်သံကြားဇာတ်လမ်း **"အနီးမှုန်"** (လွင်မိုး၊ခိုင်သင်းကြည်)
၁၃း၅၀	၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ချစ်သူစုံတွဲ တူယှဉ်နွဲ
၄း၁၅	၄။	ရင်ခုန်စီဆင်းအချစ်သီချင်း
၄း၃၅	၅။	နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၄၅	၆။	မျိုးချစ်တပ်မတော်
၅း၀၀	၇။	အလွမ်းတေးပန်းချီချစ်သူဆီ
၅း၁၀	၈။	ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၅း၄၅	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	မိုးလေဝသသတင်း
၆း၂၅	၁၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၅	၁၄။	အံ့ဩဖွယ်ရာဆပ်ကပ်ပညာ
၆း၄၀	၁၅။	လျှပ်တစ်ပြက်
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လျှို့ဝှက်ချက်"** (အပိုင်း–၅)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၀။	English Premier League ဘောလုံးပွဲ Bolton Vs Tottenham Hotspur

ဩဂုတ် ၁၈ ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီးမစ္စတာ တာကီ၊ဘင်၊နာဂျီ၊အဗ္ဗဒူ၊ကာဒါ၊အယ်လ်၊အလီအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်း–ကျော်ဖုံး) (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တာကော်–မိုင်းပျဉ်း–ကျိုင်းတုံ ပြည်ထောင်စုကားလမ်းမကြီး တာကော်–မိုင်းပျဉ်းလမ်းပိုင်း ကြည့်ရှုစစ်ဆေးမှာကြား

နေပြည်တော် ဩဂုတ် ၁၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဩဂုတ်၁၆ ရက် မွန်းလွဲပိုင်းက အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေ ကွန်ဟိန်းတပ်နယ် တာကော်နယ်မြေခံတပ်ရင်းသို့ရောက်ရှိကြပြီး သံလွင်ခန်းမ၌ နယ်မြေခံတပ်ရင်းမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

တွေ့ဆုံပွဲတွင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက စစ်သည်၊ မိသားစုဝင်များ သက်သာချောင်ချိမှုရရှိရေးအတွက် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်အောင် အလေးထားဆောင်ရွက်ကြရေး၊ တပ်တွင်း၊ တပ်ပြင်စည်းရုံးရေးလုပ်ငန်းများ ပိုမိုအောင်မြင်အောင်ဆောင်ရွက်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဒေသခံပြည်သူများနှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး၊ စွမ်းရည် သုံးရပ်ပြည့်စုံပြီး၊ တပ်တည်ဆောက်ရေး တာဝန်ကြီးလေးရပ် အောင်မြင်ရေးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေးမှာကြားကာ လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးပြီး အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် တာကော်–မိုင်းပျဉ်း–ကျိုင်းတုံ ပြည်ထောင်စုကားလမ်းမကြီး၊ တာကော်–မိုင်းပျဉ်းလမ်းပိုင်းရှိ လမ်းတံတားအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ထွက်ခွာလာရာ မိုင်တိုင်အမှတ်(၂၈၃/၄) ရှိ သံလွင်မြစ်ကူးတံတား (တာကော်)သို့ ရောက်ရှိကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် သံလွင်မြစ်ကူးတံတား(တာကော်)တံတား ကြံ့ခိုင်ကောင်းမွန်မှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား တံတားရေရှည်တည်တံ့စွာ အသုံးပြုနိုင်ရေးအတွက် တံတားကြံ့ခိုင်မှုအခြေအနေများကို တာဝန်ရှိသူများက အမြဲကြည့်ရှုစစ်ဆေး၍ ပြုပြင်ရန်လိုအပ်ချက်များရှိလာပါက အချိန်နှင့်တစ်ပြေးညီ ပြုပြင်ဆောင်ရွက်ရေး၊ တံတားလုံခြုံမှုကို အထူးအလေးထားဆောင်ရွက်ရေးမှာကြားပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ရှင်းလင်းပြသ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တာကော်–မိုင်းပျဉ်းလမ်းပိုင်း မိုင်တိုင်အမှတ် (၂၈၁/၄)နှင့် မိုင်တိုင်အမှတ် (၃၀၂/၄) လမ်းကျဉ်းနေရာများတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ စက်၊ ယာဉ်၊ ယန္တရားများဖြင့် လမ်းသားချဲ့ထွင်ခြင်း၊ လမ်းဘေးဝဲ/ယာ ရေနုတ်မြောင်းများ ရေစီး၊ ရေလာကောင်းမွန်မှုရှိအောင် မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ မိုင်တိုင် အမှတ်(၃၁၅/၁)နှင့် မိုင်တိုင် အမှတ်(၃၂၆/၃) သဲတောင်နေရာများတွင် ကျောက်စီမြေထိန်းနံရံ ပြုလုပ်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ လမ်းကြောင်းတစ်လျှောက်လမ်းနှင့် တံတားများပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ ပြည်နယ် အင်ဂျင်နီယာမှူးကြီး ဦးသောင်းဌေးနှင့် တာဝန်ရှိသူများက လမ်းအပိုင်းအလိုက် လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က တာကော်–မိုင်းပျဉ်း–ကျိုင်းတုံလမ်းပိုင်း တိုးတက်ကောင်းမွန်ခဲ့မှု အခြေအနေများနှင့် စပ်လျဉ်း၍ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း က တာကော်–မိုင်းပျဉ်း–ကျိုင်းတုံ ပြည်ထောင်စုကားလမ်းမကြီး ရေရှည်တည်တံ့စွာ အသုံးပြုနိုင်ရေးအတွက် လမ်းပိုင်းအလိုက်တာဝန်ခံ အင်ဂျင်နီယာများက အမြဲစစ်ဆေးပြုပြင်ဆောင်ရွက်ရေး၊ မိုးတွင်းကာလ တောင်ပြိုမြေများကြောင့် လမ်းပိတ်ဆို့မှုမရှိအောင် အမြဲဖယ်ရှားရှင်းလင်းဆောင်ရွက်ရေး၊ ကတ္တရာလမ်းသားများ ရေတိုက်စားမှုမခံရအောင် လမ်းဘေးဝဲ/ယာ ရေနုတ်မြောင်းများ၊ ရေစီး၊ ရေလာကောင်းမွန်အောင် ဆောင်ရွက်ရေးမှာကြားကာ လိုအပ်သည်များညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆက်လက်ထွက်ခွာခဲ့ရာ ညပိုင်းတွင် မိုင်းပျဉ်းမြို့သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၉–၈–၂၀၀၆ ရက် (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓေဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ အတီးပြိုင်ပွဲ
၈:၁၀ ၆။ ဝမ်ပုံရေလှောင်တမံ
၈:၂၀ ၇။ အဆိုပြိုင်ပွဲ
၈:၃၀ ၈။ International News
၈:၄၅ ၉။ Grammar made Easy

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ပြည်တွင်းသတင်း
၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၀၅ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၃၅ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဆည်းဆာ"** (အပိုင်း–၁၂)
၁၃:၁၅ ၇။ ကြားမြင်သုတပြည့်ဝစေရာစာပဒေသာ
၁၃:၂၅ ၈။ **"တို့တစ်ရွာလုံးချမ်းသာပြီ"** ဆန်းထွဋ်၊ သူသူဟံသာ၊ အကယ်ဒမီဇော်ဦး၊ မိုးဒီ၊ ငွေတောင်၊ တက္ကသိုလ်ဂွမ်းပုံ [ဒါရိုက်တာ–တင်အောင်ရွှေ (သုတေသီ)]
၁၃:၅၅ ၉။ ခြံစည်းရိုးကြက်ဆူပင် သုတေသန စံပြခြံ(၁၀၀)စိုက်ခင်း
၁၄:၀၅ ၁၀။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၄:၂၀ ၁၁။ မျှော်လင့်ခြင်းများစွာ–––၏ ရင်ခုန်သံ(၁)
၁၄:၃၀ ၁၂။ **"မျှော်သူမမောစေချင်"** စိုးသီဟ၊ ဆုပန်ထွာ၊ နန်းကလျာလှိုင် (ဒါရိုက်တာ–စောစန္ဒာလှိုင်)
၁၄:၄၀ ၁၃။ ရွှေလောင်းတံတား
၁၄:၄၅ ၁၄။ International News

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၆:၅၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(သတ္တဗေဒအထူးပြု) [သတ္တဗေဒ]
၁၇:၁၀ ၆။ နားဝင်ပီယံသူ့လက်သံ
၁၇:၂၀ ၇။ တေးဂီတအစီအစဉ်
၁၇:၃၅ ၈။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၈:၀၀ ၉။ ညနေခင်းသတင်း
၁၈:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၁။ Discovery
၁၈:၅၀ ၁၂။ အကပြိုင်ပွဲ
၁၉:၀၅ ၁၃။ ရုပ်မြင်ရသတေးစုကဏ္ဍ
၁၉:၂၀ ၁၄။ အတီးပြိုင်ပွဲ
၁၉:၃၅ ၁၅။ **၂၀၀၆ ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန်(ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး) (ပညာရှင်အဆင့်) (အမျိုးသမီး)**
၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မေတ္တာပန်းတိုင်"** (အပိုင်း–၁၁)

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) သဃ်န်းကျွန်းစံပြဆေးရုံကြီးသို့ ဆေးနှင့်ဆေးပစ္စည်းများလှူဒါန်း

ရန်ကုန် ဩဂုတ် ၁၈

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်သဇင်နွယ်နှင့်အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းစံပြဆေးရုံကြီးသို့ သွားရောက်၍ ဆေးနှင့်ဆေးပစ္စည်းများ လှူဒါန်းသည်။

ဆေးနှင့်ဆေးပစ္စည်းများလှူဒါန်း

ထို့နောက် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာသန်းဦးက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ငွေကျပ် ၃၇ သိန်း တန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးမောင်မောင်ကြီး **(အောက်ပုံ)**က လက်ခံ၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆေးနှင့်ဆေးပစ္စည်းများ လှူဒါန်းပွဲသို့ ရန်ကုန်တိုင်းနှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဝင်များ၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုအုပ်များနှင့် ဆရာမများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ပါကစ္စတန်နိုင်ငံ၌ အမြင့် ၂၈၂၅၁ ပေရှိသော ကမ္ဘာ့ဒုတိယအမြင့်ဆုံး ကေတူးတောင်ကို ဩဂုတ် ၁၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့ဒုတိယ အမြင့်ဆုံးတောင်ပေါ်သို့တက်စဉ် ရုရှားတောင်တက်သမား လေးဦးပျောက်ဆုံး

အစ္စလမ္မာဘတ် ဩဂုတ် ၁၈

ပါကစ္စတန်နိုင်ငံရှိ ကမ္ဘာ့ဒုတိယအမြင့်ဆုံးတောင်ထိပ်ဖြစ်သည့် ကေတူးတောင်ပေါ်သို့ ရုရှားတောင်တက်သမား လေးဦးတက်ရောက်စဉ် တောင်ပေါ်မှကျောက်တုံးနှင့်ဆီးနှင်းခဲများပြိုကျမှုကြောင့် ပျောက်ဆုံးလျက်ရှိကြောင်း စူးစမ်းလေ့လာရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဩဂုတ်၁၆ရက်တွင် ပြောကြားလိုက်သည်။

အဖွဲ့ဝင် ၁၀ ဦးပါရှိသော ကမ္ဘာ့အမြင့်ဆုံးကေတူးတောင်ထိပ်များသို့ စူးစမ်းလေ့လာတက်ရောက်သည့် အဖွဲ့မှအဖွဲ့ဝင် လေးဦးသည် ကမ္ဘာပေါ်တွင် တက်ရောက်ရန် အခက်အခဲဆုံးတောင်ထိပ်သို့ တက်ရောက်ခဲ့ကြခြင်းဖြစ်ရာ ယခုကဲ့သို့ ပျောက်ဆုံးခဲ့ရသည့်အဖြစ်နှင့် ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။

ပြောကြား

ယခုအချိန်အထိ အဆိုပါရုရှားတောင်တက်သမား လေးဦးမှာပျောက်ဆုံးလျက်ရှိကြောင်း ပါကစ္စတန်နိုင်ငံ ခရီးသွားလုပ်ငန်းမှအထွေထွေမန်နေဂျာ နိုက်ကင်ကာရင်က ပြောကြားသည်။

အဆိုပါ တောင်တက် စူးစမ်းလေ့လာရေးအဖွဲ့တွင် ရှစ်ဦးမှာရုရှားနိုင်ငံသားများဖြစ်ပြီး ကျန်နှစ်ဦးမှာ အိုင်ယာလန်နှင့် ပိုလန်နိုင်ငံသားများဖြစ်ကြသည်။ ၎င်းတို့သည် အမြင့် ၂၈၂၅၁ပေရှိသော ကေတူးတောင်ထိပ်ပေါ်သို့ တက်ရောက်ရန် ရောက်ရှိခဲ့ကြခြင်း ဖြစ်သည်။

ပျောက်ဆုံး

ရုရှားတောင်တက်သမား လေးဦးသည် တောင်ပေါ်သို့တက်နေစဉ် နောက်ဆုံးစခန်းသို့အရောက် ဩဂုတ် ၁၃ရက်၌ ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းတို့နှင့်အဆက်အသွယ် ပြတ်တောက်ခဲ့ကြောင်း၊ ၎င်းတို့ သေသည်ရှင်သည်ကို မသိရသေးကြောင်း၊ မိမိတို့ တောင်အောက်အခြေခံစခန်း၌ စောင့်မျှော်လျက်ရှိကြောင်း အဆိုပါအသင်းမှ ကျန်ရစ်သူတစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

"အပိုလို-၁၁" ဖြင့် လပေါ်လမ်းလျှောက်ခဲ့သည့် မူရင်းဗီဒီယိုတိပ်ခွေ ပျောက်ဆုံးနေ

ဝါရှင်တန် ဩဂုတ် ၁၈

လပေါ်သို့ လူသားတို့ ပထမဆုံးခြေချနိုင်ခဲ့သည့် အပိုလို-၁၁ အာကာသခရီးစဉ်၏ လပေါ်လမ်းလျှောက်နိုင်ခဲ့သော သမိုင်းဝင်မှတ်တမ်းတင် မူရင်းဗီဒီယိုတိပ်ခွေမှာ ပျောက်ဆုံးလျက်ရှိကြောင်း နာဆာအဖွဲ့က ဩဂုတ် ၁၅ ရက်တွင် ထုတ်ဖော်ပြောကြားလိုက်သည်။

အဆိုပါ မူရင်းဗီဒီယိုမှတ်တမ်းတင်တိပ်ခွေမှာ ပျောက်ဆုံးခြင်းမဟုတ်ကြောင်း၊ သို့သော် ရှာဖွေမတွေ့သည်မှာ အမှန်ပင်ဖြစ်ကြောင်း မေရီလန်းပြည်နယ်ရှိ ဂေါ့ဒက်အာကာသယာဉ်စခန်းမှ အင်ဂျင်နီယာတစ်ဦးဖြစ်သူ ရစ်ချက်နာဖ်ဇာဂါက ပြောကြားသည်။

ယခုအခါ ရှာဖွေမှုများ စတင်နေပြီဖြစ်ကြောင်း၊ ၎င်းမူရင်းဗီဒီယိုတိပ်ခွေမှာ လကမ္ဘာသို့ ထပ်မံသွားရောက်မည့် ခရီးစဉ်အသစ်အတွက် အချက်အလက်များ လိုအပ်နေသဖြင့် နာဆာက တောင်းခံထားချိန်ကပင် ရှာဖွေနေခြင်းဖြစ်ကြောင်း သိရသည်။

ယခုပျောက်ဆုံးနေသည့် အပိုလို-၁၁ အာကာသယာဉ်၏ လပေါ်တွင် ဆင်းသက်မှု မှတ်တမ်းနှင့် အာကာသယာဉ်မှူးများ လပေါ်လမ်းလျှောက်မှု မှတ်တမ်းဖြစ်သည့် မူရင်းတိပ်ခွေများကို ရှာဖွေရန် ဝန်ထမ်းငါးဦးနှင့်အတူ အပိုလိုရုပ်မြင်သံကြားကင်မရာမန်နေဂျာဖြစ် သည့် စတင်လေဘာက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဗီယက်နမ်တွင်ရေလွှမ်း၊ ငါးဦးသေဆုံး

ဟန္နွိုင်း ဩဂုတ် ၁၈

ဗီယက်နမ်နိုင်ငံ ဘင့်သွန်ပြည်နယ်အလယ်ပိုင်းတွင် ပြီးခဲ့သည့် သီတင်းပတ်ကုန်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရုတ်တရက်ရေကြီးမှုများ ဖြစ်ပေါ်ကာ လူငါးဦးသေဆုံးခဲ့သည်ဟု ဗီယက်နမ်နိုင်ငံထုတ် သတင်းစာတစ်စောင်ဖြစ်သည့် လူငယ်သတင်းစာ၌ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံ အလယ်ပိုင်း အချို့ဒေသများနှင့် တောင်ပိုင်းပြည်နယ်များတွင်လည်း ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့သည်။ ရေလွှမ်းမိုးမှုကြောင့် နေအိမ်များ၊ ကျောင်းများ၊ လမ်းများ၊ ဆည်မြောင်း၊ တာတမံများရေလွှမ်းခဲ့ပြီး လယ်မြေဟက်တာ ထောင်ပေါင်းများစွာပျက်စီးခဲ့ရသည်။

ပျောက်ဆုံး

ပြီးခဲ့သည့်ကာလ ဗီယက်နမ်မြောက်ပိုင်းဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမှုနှင့်မြေပြိုမှုများဖြစ်ပေါ်ကာ အနည်းဆုံးလူ၁၅ဦး ပျောက်ဆုံးမှုနှင့်သေဆုံးမှု ဖြစ်ခဲ့ကြောင်းသိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ရေလွှမ်း

ဗီယက်နမ်နိုင်ငံ ဘင့်သွန်ပြည်နယ်တွင် မိုးသည်းထန်မှုကြောင့် ရေလွှမ်းမိုးနေသည်ကို ဩဂုတ် ၁၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

သိပ္ပံနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှု တရုတ်နှင့် ရုရှားတို့ တိုးမြှင့်ပြုလုပ်သွားမည်

ပေကျင်း ဩဂုတ် ၁၈

တရုတ်နှင့်ရုရှားနှစ်နိုင်ငံတို့အနေဖြင့် သိပ္ပံနှင့် နည်းပညာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နှစ်ဦးနှစ်ဖက် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံသိပ္ပံနှင့် နည်းပညာဆိုင်ရာ ဒုတိယဝန်ကြီး မာဆောင်ဒေက ဩဂုတ် ၁၅ ရက်တွင် ပြောကြားလိုက်သည်။

သိပ္ပံနှင့်နည်းပညာကဏ္ဍများအပြင် စွမ်းအင်၊ ပြန်ကြားရေး၊ ဇီဝဗေဒနှင့် အထည်လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ သိပ္ပံနှင့်နည်းပညာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ပြုလုပ်သွားမည်ဖြစ်ကြောင်း မာဆောင်ဒေက ပြောကြားသည်။

ရုရှားနိုင်ငံအနေဖြင့် လေယာဉ်တည်ဆောက်မှု နည်းပညာရပ်များ ဖြန့်ဝေပေးနိုင်မည်ဖြစ်ပြီး တရုတ်နိုင်ငံကလည်း သိပ္ပံနှင့်နည်းပညာရပ်တို့ဆိုင်ရာ သိပ္ပံသုတေသနပြုဌာန တစ်ခုကို ထူထောင်မည်ဖြစ်သည်။

ထို့အတူ တရုတ်နိုင်ငံကလည်း သတင်းဆက်သွယ်ရေးနည်းပညာတွင် ရုရှားနှင့် ပူးပေါင်းဆောင်ရွက်ကာ ဖြန့်ဝေပေးမှုများ ပြုလုပ်ပေးမည်ဖြစ်သည်။ ထို့အပြင်နှစ်နိုင်ငံတို့အနေဖြင့် လူငယ်သိပ္ပံပညာရှင်များအကြား အပြန်အလှန်ဆက်သွယ်မှုတို့ တိုးမြှင့်စေရန်လည်း ဆောင်ရွက်ကြမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ



ပုံစံပြသ

စင်ကာပူနိုင်ငံတွင် ကျင်းပသည့် AIDS ရောဂါကာကွယ်တားဆီးရေး အစီအစဉ်တစ်ရပ်တွင် ကျောင်းသားလူငယ် ၁၀၀ ခန့်က AIDSအမှတ်တံဆိပ် ပုံစံကိုပြုလုပ်ပြသနေသည်ကိုဩဂုတ်၁၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဖိလစ်ပိုင်ကမ်းလွန်၌ ရေနံတင်သင်္ဘောနစ်မြုပ် ရေနံများကမ်းခြေမှ ၂၅ ကီလိုမီတာအထိပျံ့နှံ့နေ

မနီလာ ဩဂုတ် ၁၈

ပြီးခဲ့သည့် သီတင်းပတ်က နစ်မြုပ်ခဲ့သော ရေနံတင်သင်္ဘောတစ်စင်းမှ ထွက်ရှိလာသော ရေနံများသည် ပင်လယ်ရေမျက်နှာပြင်တွင် ပျံ့နှံ့လျက်ရှိနေမှုကို ဖိလစ်ပိုင်တို့က ထိန်းချုပ်ရန် ကြိုးစားလျက်ရှိပြီး နစ်မြုပ်နေသော သင်္ဘောကိုဆယ်ယူရန် နိုင်ငံခြားမှ ကျွမ်းကျင်သူများအား စောင့်မျှော်လျက်ရှိကြောင်း ဖိလစ်ပိုင်မီဒီယာများက ဩဂုတ် ၁၆ ရက်၌ ဖော်ပြသည်။

နစ်မြုပ်နေသော ရေနံတင်သင်္ဘောမှရေနံများ ထွက်ရှိမှုသည် ခန့်မှန်းခြေ ရေနံလီတာ နှစ်သိန်းခန့်ရှိကြောင်း ဖိလစ်ပိုင်ကမ်းရိုးတန်းအစောင့်တပ်ဖွဲ့မှ ပြောကြားချက်ကို အေအင်န်စီတီဗွီက သတင်းထုတ်ပြန်သည်။

နစ်မြုပ်ခဲ့

ရေနံများ ပင်လယ်ရေမျက်နှာပြင်တွင် ပျံ့နှံ့မှုပမာဏမှာ ဖိလစ်ပိုင်နိုင်ငံဂွီမာရက်စ်ကမ်းခြေမှ ၂၅ ကီလိုမီတာ ကျယ်ဝန်းသော နေရာအထိရှိနေပြီး သင်္ဘောနစ်မြုပ်မှုမှာ မနီလာမြို့ တောင်ဘက်ကီလိုမီတာ ၄၆၀ ခန့်အကွာ၌ နစ်မြုပ်ခဲ့ခြင်းဖြစ်သည်ဟု ဖိလစ်ပိုင်အရာရှိများက ပြောကြားသည်။

ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလကလည်း ဗီဆာယက်စ်ဒေသတွင် ရေနံတင်သင်္ဘောတစ်စင်းမှ ရေနံလီတာ ပေါင်း ၃၆၄၀၀၀၀ ယိုဖိတ်ထွက်ခဲ့သဖြင့် စံချိန်တင်ရေနံယိုဖိတ်မှု ဖြစ်ပေါ်ခဲ့သည်။

စာချုပ်ထား

ယခုနစ်မြုပ်ခဲ့သော ရေနံတင်သင်္ဘောမှာ ဆမ်းရှိုင်းကော်ပိုရေးရှင်းပိုင် ရေနံတင်သင်္ဘောဖြစ်ပြီး ပက်ထရွန်ရေနံကုမ္ပဏီနှင့်ရေနံသယ်ယူရေးစာချုပ်ချုပ်ဆိုထားသော သင်္ဘောလည်းဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

အင်ဒိုနီးရှား၌ အခွန်ဝင်ငွေ တိုးတက်ရရှိ ပထမ ခုနစ်လအတွင်း ဒေါ်လာ ၃၀ဘီလီယံခန့်ရရှိခဲ့

ဂျကာတာ ဩဂုတ် ၁၈

အင်ဒိုနီးရှားနိုင်ငံသည် ၂၀၀၆ခုနှစ် ပထမ ခုနစ်လကာလအတွင်း အခွန်ဝင်ငွေရရှိမှု တိုးတက်ခဲ့ရာ အမေရိကန် ဒေါ်လာ ၂၀ ဒသမ ၉ဘီလီယံ ရရှိခဲ့သဖြင့် ပြီးခဲ့သည့် ၂၀၀၅ခုနှစ် အလားတူကာလကထက် ၂၅ရာခိုင်နှုန်း ပိုမိုရရှိခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံထုတ် သတင်းစာတစ်စောင်က ဩဂုတ် ၁၆ရက်၌ သတင်းဖော်ပြသည်။

အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ယခုနှစ်ကုန်တွင် ဝင်ငွေခွန် ၄၇ ဒသမ ၆၁ ရာခိုင်နှုန်းတိုးတက်ပြီး အမေရိကန် ဒေါ်လာ ၄၃ ဒသမ ၉ဘီလီယံရရှိရန် ရည်မှန်းချက်ထားရှိကြောင်း ဘစ်နစ်အင်ဒိုနီးရှားသတင်းစာက အင်ဒိုနီးရှား ဘဏ္ဍာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သောသတင်းကိုကိုးကား ဖော်ပြလိုက်သည်။

အင်ဒိုနီးရှားအစိုးရသည် ရည်မှန်းချက်ပြည့်မြောက်ရေးအတွက် အခွန်ဝင်ငွေ တိုးမြှင့်ရရှိရေးကို ကြိုးစားဆောင်ရွက်နေကြောင်း အင်ဒိုနီးရှားဘဏ္ဍာရေးဝန်ကြီးဌာနမှ ဒါမင်နာဆူရှင်းက ပြောကြားသည်။ အမ်အင်အေ၊ဆင်ဟွာ

သုံးနိုင်ငံ နယ်စပ်ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး ဘရာဇီး၊ ပါရာဂွေးနှင့်အာဂျင်တီးနားတို့ စစ်ဆေးရေးဌာနထူထောင်မည်

ဘရာဇီး ဩဂုတ် ၁၈

သုံးနိုင်ငံ နယ်စပ်ဒေသကုန်သွယ်မှု ပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတွင်း မှောင်ခိုမှုနှင့် ငွေကြေးခဝါချမှုများကို တိုက်ဖျက်ရေးအတွက် နယ်နိမိတ်ချင်းထိစပ်နေကြသော ဘရာဇီး၊ ပါရာဂွေးနှင့် အာဂျင်တီးနားနိုင်ငံတို့က ပူးတွဲစစ်ဆေးရေးဌာနတစ်ခုကို နယ်စပ်၌ထူထောင်ကြမည်ဖြစ်ကြောင်း ဘရာဇီးနိုင်ငံက ဩဂုတ် ၁၅ ရက်၌ ပြောကြားသည်။

ယခုကဲ့သို့ သုံးနိုင်ငံပူးတွဲ၍ ထူထောင်နိုင်ခြင်းသည် ဘရာဇီး၊ ပါရာဂွေးနှင့် အာဂျင်တီးနား သုံးနိုင်ငံတို့ နယ်စပ်ဒေသ စစ်ဆေးရေးစခန်းကို အနေဖြင့် ပူးပေါင်းဆောင်ရွက်မှု တိုးတက်ခြင်း လက္ခဏာတစ်ရပ်ဖြစ်ကြောင်း ဘရာဇီးနိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်သည်။

အဓိကဒေသဖြစ်

အဆိုပါသုံးနိုင်ငံ နယ်စပ်ဒေသသည် ကုန်သွယ်ရေးနှင့် စီးပွားရေးကူးလူးဆက်ဆံရေးတွင် အဓိကဒေသဖြစ်သည်။ ဘရာဇီး၊ ပါရာဂွေးနှင့် အာဂျင်တီးနား သုံးနိုင်ငံတို့၏ နယ်စပ်ဒေသ ပူးတွဲစစ်ဆေးမှုများကို လာမည့်သီတင်းပတ် အနည်းငယ်အတွင်း စတင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းလည်း ဘရာဇီးနိုင်ငံခြားရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော သတင်း၌ ဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ

ကမ္ဘောဒီးယားတွင် မိုးသည်းထန် နေအိမ်တစ်သောင်းခန့်ရေနစ်မြုပ်

ဖနောင်ပင် ဩဂုတ် ၁၈

ကမ္ဘောဒီးယားနိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ထောင်ပေါင်းများစွာသောပြည်သူများ ရေဘေးဒုက္ခနှင့် ကြုံတွေ့နေရပြီး အဓိကအဝေးပြေးလမ်းမကြီးများ ရေလွှမ်းလျက်ရှိကြောင်း အစိုးရအရာရှိများက ဩဂုတ် ၁၆ ရက်၌ ပြောကြားသည်။

ရေလွှမ်းမှုမှာ ကမ္ဘောဒီးယားနိုင်ငံ ကမ်ပွန်သွမ်ပြည်နယ် မြောက်ပိုင်းရှိ ဆမ်တောပရီကော့စ်ဒေသတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဩဂုတ် ၁၅ ရက်တွင် မုန်တိုင်းတိုက်ခတ်ခြင်းနှင့် မိုးရွာသွန်းခြင်းတို့ ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်ဟု ကမ္ဘောဒီးယားနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပြောကြားသည်။

ပျက်စီး

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကမ္ဘောဒီးယားနိုင်ငံရှိ ရှေးဟောင်းဟိန္ဒူဘုရားကျောင်း အဆောက်အအုံတစ်ခု ပျက်စီးခဲ့ရသည်။ ထိုအဆောက်အအုံသည် လွန်ခဲ့သောနှစ်ပေါင်း တစ်ထောင်ကျော်က တည်ဆောက်ထားခဲ့သော အဆောက်အအုံဖြစ်သည်။

ရေလွှမ်းမှုကြောင့် ကမ်ပို့စ်ပြည်နယ် ငါးဖမ်းသမားတစ်ဦး သေဆုံးပြီး နေအိမ် ၁၀၀၀၀ခန့် ပျက်စီးခဲ့ရသည်ဟု ရိုက်တာသတင်း၌ ဖော်ပြသည်။ ရေဘေးဒုက္ခကြုံတွေ့နေရသူ ဒေသခံများအား စာသင်ကျောင်းများနှင့် ကုန်းမြင့်အရပ်များ၌ နေရာချပေးထားရကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**



စင်ကာပူနှင့် မလေးရှားနှစ်နိုင်ငံအကြား ပြေးဆွဲနေသော ရထားတစ်စင်းကို ဩဂုတ်၁၅ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ရထားတိမ်းမှောက်မှုကြောင့်ရပ်ဆိုင်းခဲ့ရသော ခရီးစဉ် စင်ကာပူနှင့် မလေးရှား နှစ်နိုင်ငံ ပြန်လည်ပြေးဆွဲ

စင်ကာပူ ဩဂုတ် ၁၈

စင်ကာပူနှင့် မလေးရှား နှစ်နိုင်ငံအကြား ပြေးဆွဲနေသော ရထားတစ်စင်း တိမ်းမှောက်ခဲ့သဖြင့် ၂၄နာရီကျော်ကြာ ရပ်ဆိုင်းထားခဲ့ရသော မီးရထားခရီးစဉ်ကို ဩဂုတ် ၁၅ရက်က ပြန်လည် ပြေးဆွဲနိုင်ခဲ့ကြောင်း သိရသည်။

ရထား တိမ်းမှောက်မှုကြောင့် ရထားတွဲပေါ်တွင် ပါရှိလာသော သကြားအိတ်များကို အလုပ်သမား ၅၀ ခန့်တို့က မရပ်မနားဖယ်ရှားရှင်းလင်းခဲ့ရသလို ပျက်စီးသွားသော မီးရထားတွဲများကို အလျင်အမြန် ပြင်ဆင်ခဲ့ရသည်ဟု နယူးအာရှသတင်းဌာနမှ သတင်းထုတ်ပြန်သည်။

အဆိုပါ မီးရထားသည် မလေးရှားနိုင်ငံမှ စင်ကာပူနိုင်ငံ တန်ဂျွန်ပါဂါ မီးရထားဘူတာရုံသို့ ခုတ်မောင်းလာစဉ် ဩဂုတ် ၁၄ရက်က တိမ်းမှောက်သွားခဲ့ခြင်းဖြစ်သည်။

ဖော်ပြ

မီးရထား တိမ်းမှောက်မှုမှာ မတော်တဆ ဖြစ်ရပ်ဖြစ်ကြောင်း နယူးအာရှသတင်း၌ ဆက်လက် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

နှစ်ပေါင်း ၂၂၀၀၀ခန့်ကဆင်စွယ်

လွန်ခဲ့သော နှစ်ပေါင်း ၂၂၀၀၀ ခန့်ကဆင်စွယ်ကိုတွေ့ရစဉ်။ (ယာပုံ)

အဆိုပါဆင်စွယ်ကို အမေရိကန်နိုင်ငံ စပရင်းဖီးလ်ပြတိုက်၌ ထားရှိပြသထားရာ အရှည်မှာ ၁၁ ပေရှိသည်။ ၎င်းဆင်စွယ်ကို ပတ်ဝန်းကျင်ဇီဝဗေဒ ကျောင်းသားတစ်ဦးက လွန်ခဲ့သောနှစ်က လင်ကွန်းမြို့အနီး ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။ သုတေသနပညာရှင်များက လွန်ခဲ့သော နှစ်ပေါင်းက ၂၂၀၀၀ ခန့်ကဆင်စွယ် ဖြစ်ကြောင်း ပြောကြားသည်။

(အင်တာနက်)

သံလှောင်အိမ်ဖြင့် မိကျောင်းများကြည့်နိုင်

မိကျောင်း တစ်ကောင်အား သံလှောင်အိမ်အတွင်းမှ ကြည့်ရှုနေသူတစ်ဦးကို တွေ့ရစဉ်။ (ဝဲပုံ)

တောင်အာဖရိကနိုင်ငံ အော့စ်စဟွန်းမြို့တွင်ရှိသော ရေပျော်သတ္တဝါများ၏ ရေအောက်ပြတိုက်၌ သံလှောင်အိမ်တစ်ခုဖြင့် မိကျောင်းများ၏ နေထိုင်မှုသဘာဝကို အနီးကပ်ကြည့်နိုင်အောင် စီစဉ်ပေးထားကြောင်းသိရသည်။ ၅၄မီတာ ရေအနက်တွင် မိကျောင်း၏ သဘာဝ အလျောက်နေထိုင်မှုကို အနီးကပ်ကြည့်ရှု ခံစားနိုင်မည်ဖြစ်သည်။

(အင်တာနက်)

ဗီယက်နမ်စစ်ပွဲအတွင်း ကန်တို့အသုံးပြုခဲ့သည့် အမြောက်ကျည်ဆန်ပေါက်ကွဲ၊ လေးဦးသေဆုံး

ဟန္ဒိုင်း ဩဂုတ် ၁၈

ဗီယက်နမ်နိုင်ငံ အလယ်ပိုင်း ဘင့်ဒင့်ပြည်နယ်တွင် ဗီယက်နမ်စစ်ပွဲအတွင်းက ကျန်ရစ်ခဲ့သည့် အမြောက်ကျည်ဆန်တစ်ခု ပေါက်ကွဲခဲ့သဖြင့် ဗီယက်နမ်ဆယ်ကျော်သက်အရွယ် လူငယ်လေးဦး သေဆုံးခဲ့ရကြောင်း ဆင်ဟွာသတင်းဌာနက ဩဂုတ် ၁၆ရက်၌ ထုတ်ပြန်သောသတင်းတွင် ဖော်ပြသည်။

အဆိုပါ ဖြစ်ပွားမှုမှာ ဩဂုတ် ၁၃ရက်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး သေဆုံးသူများမှာ အသက်၁၂နှစ်မှ ၁၅နှစ်အရွယ်ရှိ လူငယ်များဖြစ်သည်။ ၎င်းလူငယ်လေးများသည် တောင်တစ်ခုအနီး တွေ့ရှိရသည့် အဆိုပါ အမြောက်ကျည်ဆန်ကို ချိုးဖျက်ရန်ကြိုးစားစဉ် ပေါက်ကွဲခဲ့ခြင်းဖြစ်သည်ဟု ဗီယက်နမ်အရာရှိတစ်ဦးဖြစ်သည့် လီဗင်ဘင့်က ပြောကြားသည်။

သေဆုံး

အခင်းဖြစ်ပွားရာ၌ လူငယ်သုံးဦးမှာ ပေါက်ကွဲမှုဖြစ်ပွားလျှင်ဖြစ်ပွားခြင်း နေရာ၌ချက်ချင်း သေဆုံးသွားခဲ့ခြင်းဖြစ်ပြီး ကျန်တစ်ဦးဖြစ်သည့် ၁၃နှစ်အရွယ် လီနွတ်ကိုင်မှာ ဆေးရုံသို့ တင်ပို့စဉ် လမ်းခရီး၌ပင် သေဆုံးခဲ့ခြင်းဖြစ်သည်။

ထိုအမြောက်ကျည်မှာ ဗီယက်နမ်စစ်ပွဲအတွင်း အမေရိကန်စစ်ဘက်က အသုံးပြုခဲ့သည့် ပစ္စည်းများဖြစ်ကြောင်း၊ ထိုလက်နက်ပစ္စည်းများကြောင့် ဗီယက်နမ်တွင် နှစ်စဉ်သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှု ရာပေါင်းများစွာ ဖြစ်လျက်ရှိကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

အင်ဒိုနီးရှား၌ငလျင်လှုပ်

ဂျကာတာ ဩဂုတ် ၁၈

အင်ဒိုနီးရှားနိုင်ငံ မာလူကူပြည်နယ် အရှေ့ပိုင်းတွင် ဩဂုတ် ၁၅ ရက် နံနက်ပိုင်းက ရစ်ချ်တာစကေး ၅ ဒသမ ၉ ရှိ ငလျင်တစ်ခုလှုပ်သွားခဲ့သည်။ ယင်းငလျင်နှင့် ပတ်သက်၍ ပျက်စီးဆုံးရှုံးမှုအသေးစိတ်မသိရသေးပေ။

ဗဟိုပြု

မာလူကူ ပြည်နယ် မြို့တော် အမ်ဘွန်အနောက်တောင်ဘက် ၁၆၇ ကီလိုမီတာအကွာတွင် ငလျင်တစ်ခု ထပ်မံလှုပ်ခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒဌာနမှဝန်ထမ်းတစ်ဦးက ပြောကြားသည်။ ယင်းငလျင်သည် ပင်လယ်ရေမျက်နှာပြင်အောက် ၅၇ ကီလိုမီတာကို ဗဟိုပြု၍ လှုပ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

လူ့စွမ်းအားအရင်းအမြစ်များ ဒေသတွင်း စဉ်ဆက်မပြတ် မွေးထုတ်နိုင်အောင်စီမံ အရည်အသွေးပြည့်ဝသည့် ပညာရှင်များအဖြစ် ရပ်တည်နိုင်ရေး လေ့ကျင့်သင်ကြားပေး

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကျိုင်းတုံမြို့ ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီးတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

✡ *ကျောဖုံးမှ*

အဆိုပါ လမ်းဖွင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်တို့မှ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများ၊ ဒေသခံ တိုင်းရင်းသားများ၊ ကျိုင်းတုံမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာနှင့် ပန်းပွားအကအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်ကျော်က ဟွေခါး-ဝမ်ပေါင်ကျေးရွာ ကတ္တရာလမ်းသစ် ဖောက်လုပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဝမ်းမြောက်စကား

ဆက်လက်၍ ဒေသခံပြည်သူများကိုယ်စား ဦးကျချက ဟွေခါး-ဝမ်ပေါင်ကျေးရွာ ကတ္တရာလမ်းသစ် ဖွင့်လှစ်ပေးခဲ့သည့်အတွက် ကျေးဇူးတင် ဝမ်းမြောက်စကား ပြောကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့်တို့က ဟွေခါး-ဝမ်ပေါင်ကျေးရွာ ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဖြတ်သန်းကြည့်ရှု

ယင်းနောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ဒေသခံပြည်သူများနှင့်အတူဟွေခါး-ဝမ်ပေါင်ကျေးရွာ ကတ္တရာလမ်းသစ် တစ်လျှောက်ကို ဖြတ်သန်းကြည့်ရှုကြသည်။

အဆိုပါဟွေခါး-ဝမ်ပေါင်ကျေးရွာ ကတ္တရာလမ်းသစ်မှာ အလျားပေ ၃၃၂၀၊ အကျယ် ၁၂ပေရှိပြီးရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)က ငွေကျပ် ၅၂သိန်းငါးသောင်းနှင့် ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် သိန်း၁၀၀ကျခံ ဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့ သူနာပြုသင်တန်းကျောင်းသို့ ရောက်ရှိကြရာ သင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးဒေါ်သန်းသန်းဝင်းနှင့် သူနာပြုဆရာမများက ကြိုဆိုကြသည်။

စေတနာထားကြိုးပမ်း

ယင်းနောက် အတွင်းရေးမှူး(၁)က သင်တန်းကျောင်း၏ သင်ကြားရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာများကို မေးမြန်း၍ လိုအပ်သည်များကို စီမံဆောင်ရွက်ပေးပြီး သူနာပြုသင်တန်းသူများအနေဖြင့် မိမိတို့တတ်ကျွမ်းသော မှန်မြတ်သည့် သူနာပြုပညာရပ်ဖြင့် လူနာများအား နွေးထွေးကြင်နာစွာ ပြုစုစောင့်ရှောက်ရေး၊ ပြည်သူများ ကျန်းမာရေး အသိတရားများ တိုးပွားလာစေရန် စေတနာထား၍ ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့ ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီးသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာဌေးကြွယ်နှင့် ဆရာဝန်၊ သူနာပြုများက ကြိုဆိုကြသည်။

ထိထိရောက်ရောက်ဆောင်ရွက်

ယင်းနောက် အတွင်းရေးမှူး(၁)က ကုသရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာများကို မေးမြန်း၍ လိုအပ်သည်များကို ညှိနှိုင်းစီစဉ်ပေးပြီး လူတိုင်းကျန်းကျန်းမာမာဖြင့် အသက်ရှည်ရှည်နေနိုင်ရေးအတွက် ပြည်သူများအတွင်း ကျန်းမာရေးအသိပညာများ တိုးပွားလာစေရန် ကျေးလက်ဒေသအထိ ကွင်းဆင်းဆောင်ရွက်ရေး၊ ခေတ်မီကုထုံးနည်းပညာရပ်များကို လေ့လာဆည်းပူးရင်း ရောဂါကုသရေးလုပ်ငန်းများ ထက်မြက်တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရေး၊ ဒေသအတွင်း ရာသီအလိုက်ဖြစ်ပွားတတ်သည့် ရောဂါများကို မဖြစ်ပွားမီ ကာလကတည်းကပင် ကျန်းမာရေးပညာပေးလုပ်ငန်းများနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ပေးကြရေး မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဆေးရုံကြီး၌ ဆေးဝါးကုသမှု ခံယူတော်မူလျက်ရှိသော သက်တော် ၈၁နှစ်၊ ဝါတော် ၆၁ဝါရှိ ကျိုင်းတုံမြို့ ကျိုင်းငမ်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဥတ္တမပညာအား ဖူးမြော်ပြီး တာဝန်ရှိသူများအား ကျန်းမာရေးအခြေအနေကို မေးမြန်းပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ဆေးဝါးကုသမှု ခံယူလျက်ရှိသော လူနာများအား တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် အတွင်းရေးမှူး(၁)သည် ကျိုင်းတုံမြို့ အထွေထွေ ရောဂါကု ဆေးရုံကြီးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ပြည်နယ်ဘောလုံးကွင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ရှမ်းပြည်နယ် (အရှေ့ပိုင်း)ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်လျက်ရှိသည့် ကျိုင်းတုံဒီဂရီကောလိပ် နှစ်ထပ်စာသင်ဆောင် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ပြည်နယ်အင်ဂျင်နီယာမှူး ဦးသောင်းဌေးနှင့် ကျိုင်းတုံဒီဂရီကောလိပ် ဒုတိယကျောင်းအုပ်ကြီး ဦးချစ်ဆွေနှင့် တာဝန်ရှိသူများက နှစ်ထပ်ဆောင် တိုးချဲ့တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး အတွင်းရေးမှူး(၁)က တည်ဆောက်ရေးလုပ်ငန်းများကို အချိန်မီပြီးစီးရေး မှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံဒီဂရီကောလိပ်သို့ ရောက်ရှိကြရာ ပါမောက္ခ၊ တွဲဖက်ပါမောက္ခ၊ ကထိက၊ လက်ထောက်ကထိက၊ နည်းပြနှင့် သရုပ်ပြ ဆရာဆရာမများက ကြိုဆိုကြသည်။

ဘက်စုံဖွံ့ဖြိုးတိုးတက်

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် Conference Hall၌ ဆရာ ဆရာမများအား တွေ့ဆုံရာ ရှေးဦးစွာ ဒုတိယကျောင်းအုပ်ကြီး ဦးချစ်ဆွေက ကျိုင်းတုံဒီဂရီကောလိပ်၏ သင်ကြားရေးနှင့် စီမံရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြ၍ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို ဖြည့်ဆည်းစီမံဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာ၌ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တစ်ရပ်လုံးကို မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရအောင်ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုကဲ့သို့ ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတော်အတွင်းရှိ ဒေသတစ်ခုချင်းအလိုက် ဖွံ့ဖြိုးလာမှသာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

စာမျက်နှာ ၇ ကော်လံ ၁ သို့

ရုပ်မြင်သံကြားကြည့်ရှုခြင်းသည် ကလေးငယ်များ၏ ပင်ကိုသဘာဝကို ထိခိုက်နိုင်ဟုဆို

ရုပ်မြင်သံကြားကို ကြည့်ရှုခြင်းသည် ကလေးသူငယ်များ၏ပင်ကိုသဘာဝအား ထိခိုက်မှုဖြစ်စေကြောင်း အီတလီ သုတေသန ပညာရှင်များက သတိပေးပြောကြားလိုက်သည်။

ထိခိုက်မှုမရှိ

ရုပ်မြင်သံကြားကို ကြည့်ရှုသည့် **အသက်ခုနစ်နှစ်နှင့် ၁၂ နှစ်အကြား ကလေးငယ် ၆၉ ဦးတို့၏သွေးများကိုရယူပြီး စစ်ဆေးခဲ့ရာတွင် သွေးတွင်ပါရှိသော ကလာပ်စည်းများထိခိုက်မှုရှိနေသည်ကို တွေ့ရှိခဲ့ကြရသည်ဟု အီတလီနိုင်ငံ ဆီနာတက္ကသိုလ်မှ သုတေသနအဖွဲ့ကပြောကြားသည်။**

ထိုသို့ရုပ်မြင်သံကြားကြည့်ရှုရာတွင် ကာတွန်း အစီအစဉ် အချို့ကို ကြည့်ရှုခြင်းမှာ ကလေးငယ်များအား ထိခိုက်မှု မရှိသော်လည်း အခြားအစီအစဉ်များကို ကြည့်ရှုခြင်းမှာ ကလေးများအတွက် ထိခိုက်မှုဖြစ်စေကြောင်း ၎င်းတို့က ပြောကြားသည်။

ငယ်ရွယ်စဉ်

မည်သို့ပင်ဖြစ်စေ ငယ်ရွယ်စဉ်ကာလအတွင်း ရုပ်မြင်သံကြားကြည့်ရှုခြင်းသည် ကလေးငယ်ဘဝ၌ပင် ရောဂါရရှိစေနိုင်ကြောင်းတွေ့ရှိရသည်ဟု အီတလီ သုတေသနပညာရှင်များက ဆက်လက်ပြောကြားသည်။

ရုပ်မြင်သံကြား ကြည့်ရှုသော ကလေးငယ် ၆၉ ဦးအား အုပ်စုသုံးစုခွဲပြီး ၎င်းတို့၏ သွေးများကို စစ်ဆေးကြည့်ခဲ့ရာ ထိခိုက်မှုရှိခြင်းမှာ အတူတူဖြစ်နေကြကြောင်း တွေ့ရှိရသည်ဟုဆိုသည်။ ရုပ်မြင်သံကြားကြည့်ရှုသည့် မည်သည့်ကလေးမျှ ထိခိုက်မှုမှ မလွတ်ကင်းကြောင်းလည်း ၎င်းတို့က ပြောကြားသည်။

အချိန်ကြာကြာ

ထို့ကြောင့် ကလေးငယ်များအနေဖြင့် ရုပ်မြင်သံကြား အချိန်ကြာကြာ ကြည့်ရှုမှုကို လျှော့ချပေးရမည်ဖြစ်ပြီး တတ်နိုင်သမျှ ကာတွန်း အစီအစဉ်များမှ လွဲ၍ အခြားအစီအစဉ်များကိုကြည့်ရှုမှုနည်းနိုင်သမျှနည်းအောင်လည်း အီတလီသုတေသန ပညာရှင်များက တိုက်တွန်းထားသည်။

ထို့အတူ မိခင်များအနေနှင့်လည်း ကလေးငယ်များနှင့်အတူ ရုပ်မြင်သံကြား ကြည့်ရှုခြင်းမပြုလုပ်ကြရန်လိုအပ်ပြီး ရုပ်မြင်သံကြား အချိန်ပေးကြည့်ရှုလေ့ရှိသည့် ကလေးငယ်များသည် မိဘ၏ သွန်သင်ဆုံးမမှုကို အလွယ်တကူ လက်ခံလေ့မရှိကြောင်းလည်း ၎င်းတို့က သုံးသပ်ပြောကြားသည်။

(ကိုးကား-အင်တာနက်)

အင်တာနက်
သတင်းနှင့်
ဓာတ်ပုံ

ဘဝအသိ

* မငြိမ်းချမ်းခြင်း
ရန်စစ်ခင်း၍၊ သေမင်းခေါ်သံ
နာခံနေရ၊ ဘဝထွေထွေ
သူတို့တွေကို၊ ကြေကွဲစာနာ
ကရုဏာပွားရ။

* ငြိမ်းချမ်းခြင်းနှင့်
လွတ်လပ်ခြင်းအရသာ
မျှကာခံစား၊ တို့များဘဝ
လွန်အားရ။

* ဘဝမျက်တွေ့၊ ယှဉ်၍ကြည့်ပါ
ဘာဖြစ်သင့်သလဲ၊ သဲကွဲသိရှိ
အဖြေသိ။

* တိုင်းရင်းသားချင်း၊ ရင်းနှီးယုံကြည်
ပြည်ထောင်စုအကျိုး
သယ်ပိုးစည်းလုံး၊ ချစ်ထုံးဖွဲ့သီ
လက်တွဲညီ
ကမ္ဘာတည်သရွေ့၊ ခိုင်မြဲစေ။ ။

မြမ့်နိုင်

စာမျက်နှာ ၆ မှ

ထို့ကြောင့် အချက်အချာကျသည့် ဒေသကြီး ၂၄ ခုကို ဖွံ့ဖြိုးရေးဒေသကြီးများအဖြစ် သတ်မှတ်၍ တစ်နိုင်ငံလုံးရှိ ဒေသအားလုံးကို လွှမ်းခြုံပြီး ဟန်ချက်ညီညီဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ခဲ့ကြောင်း၊ ရှမ်းပြည်နယ်တစ်ခုလုံးတစ်ပြိုင်နက် ဖွံ့ဖြိုးမှုများရရှိလာစေရန်အတွက်ကို လည်း တောင်ကြီး၊ ကျိုင်းတုံ၊ လားရှိုးနှင့် ပင်လုံဒေသလေးခုကို ဖွံ့ဖြိုးရေးဒေသကြီးများအဖြစ် သတ်မှတ်ဆောင်ရွက်ပေးခဲ့ကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကျိုင်းတုံဒီဂရီကောလိပ်တွင် ဆရာ ဆရာမများအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

စဉ်ဆက်မပြတ်

အဆိုပါဖွံ့ဖြိုးရေးဒေသကြီး တစ်ခုစီတွင် ခုတင်(၂၀၀)ဆံ့ အထူးကုဆေးရုံ၊ တက္ကသိုလ်၊ ကောလိပ်၊ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရ ကွန်ပျူတာ ကောလိပ်တစ်ခုစီတွင် တည်ထောင်ဖွင့်လှစ်ပြီး ဒေသနေတိုင်းရင်းသား ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးအဆင့် တိုးမြင့်လာအောင် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးရေးတို့အတွက် လိုအပ်သည့် လူ့စွမ်းအား အရင်းအမြစ်များကို ဒေသတွင်းမှာပင် စဉ်ဆက်မပြတ် မွေးမြူနိုင်အောင် စီမံ ဆောင်ရွက် ပေးထားခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ ဟွေခါး–ဝမ်ပေါင် ကျေးရွာ ကတ္တရာလမ်းသစ်တစ်လျှောက် ဖြတ်သန်းကြည့်ရှုကြစဉ်။ (သတင်းစဉ်)

ဤနေရာတွင် တက္ကသိုလ်၊ ကောလိပ်များမှ ပညာသင်ကာလပြီးဆုံးမည့် ကျောင်းသား ကျောင်းသူများသည် လက်တွေ့လုပ်ငန်းခွင်တွင် ဝင်ရောက်ကြတော့မည့်သူများဖြစ်ကြောင်း၊ အဆိုပါ ကျောင်းသား ကျောင်းသူများအနေဖြင့် လက်တွေ့လုပ်ငန်းခွင် နယ်ပယ်တွင် အရည်အသွေးပြည့်ဝသည့် ပညာရှင်များအဖြစ် ရပ်တည်သွားနိုင်စေရန် လေ့ကျင့်သင်ကြားပေးကြရန်မှာကြားလိုကြောင်း။

လေ့ကျင့်ပျိုးထောင်

ဆရာ ဆရာမများအနေဖြင့် မိမိတို့၏တပည့်များအား အတတ်ပညာရပ်ပေးရုံသာမက ကိုယ်ကျင့်တရားကောင်းမွန်သူများ၊ ကျောင်းစည်းကမ်းကို လေးစားလိုက်နာသည့် အလေ့အကျင့်ကောင်းများရရှိပြီး ထိုမှတစ်ဆင့် အရပ်ဘက်စည်းကမ်းနှင့် နိုင်ငံတော်၏စည်းကမ်းဥပဒေများကို လေးစားလိုက်နာထိန်းသိမ်းကြသည့် နိုင်ငံသားများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးကြရန်မှာကြားလိုကြောင်း။

ထို့အပြင် မိမိတို့တိုင်းရင်းသားအားလုံးသည် ပြည်ထောင်စုအတွင်း ရှေးနှစ်ပေါင်းများစွာကပင် အေးအတူပူအမျှ အတူတကွလက်တွဲပြီး တစ်ဦးကို တစ်ဦးစောင့်ရှောက်နေထိုင်လာခဲ့ကြသူများဖြစ်သည်နှင့်အညီ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးကို ချစ်ခင်မြတ်နိုးသည့်စိတ်၊ နိုင်ငံတော်ကြီးအတွင်း မည်သည့်ဒေသ၊ မည်သည့်နေရာမှာပင် နေထိုင်ကြသည်ဖြစ်စေ တိုင်းရင်းသားအချင်းချင်း ချစ်ခင် ညီညွတ်သည့် စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်တိုးပွားနေစေရအောင်၊ ပြည်ထောင်စု စိတ်ဓာတ်သာလျှင် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်အမှန်ဖြစ်ကြောင်းကို မိမိတို့တပည့် ကျောင်းသား ကျောင်းသူများရင်တွင်း ကိန်းအောင်းရှင်သန်နေအောင် စည်းရုံးလေ့ကျင့်ပေးသွားကြရန် အထူးမှာကြားလိုကြောင်းဖြင့် ပြောကြားပြီး ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ဩဂုတ်၁၅ရက်ညပိုင်းက ကျိုင်းတုံမြို့ ခေမာရဋ္ဌရုပ်တော်မှု ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ဖူးမြော်ကြည်ညို

ယင်းနောက်အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည် ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)သည် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရေးလုပ်ငန်းများအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့ မဟာမြတ်မုနိစေတီတော်သို့ရောက်ရှိကြ၍ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြပြီး အတွင်းရေးမှူး(၁)သည် မဟာမြတ်မုနိဗုဒ္ဓရုပ်ပွားတော်မြတ်အား ရွှေသင်္ကန်းများကို ကပ်လှူပူဇော်သည်။

ဆက်လက်၍အတွင်းရေးမှူး(၁)က စေတီတော်ဘက်စုံတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ဩဂုတ် ၁၆ ရက် နံနက် ၈ နာရီ ၁၀မိနစ်က တိုင်းစစ်ဌာနချုပ် ပြည်ငြိမ်းအေးခန်းမ၌ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တပ်နယ်အတွင်းရှိ တပ်ရင်း တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံသည်။

တက်ရောက်

ယင်းသို့ တွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တပ်မတော်စစ်ဘက် ရေးရာ လုံခြုံရေး အရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် တပ်မတော်အရာရှိများ၊ တပ်ရင်းတပ်ဖွဲ့မှူးများနှင့် အရာရှိ၊ စစ်သည်များ၊ အိမ်ထောင်စုဝင် မိသားစုများ တက်ရောက်ကြသည်။

လက်တွဲဆောင်ရွက်

ရှေးဦးစွာ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန်က နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများတွင် တိုင်းရင်းသား ပြည်သူများ နှင့် ပူးပေါင်းလက်တွဲ ဆောင်ရွက်ကြရေး မှာကြားကာ တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များသည် အစိုးရကွန်ပျူတာကောလိပ်(ကျိုင်းတုံ) သို့ ရောက်ရှိကြရာ ခေတ္တကျောင်းအုပ် ဒေါက်တာ သီတာဝင်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကြိုဆိုကြသည်။

ယင်းနောက် အတွင်းရေးမှူး (၁) က ကျောင်း၏ သင်ကြားစီမံ ကိစ္စရပ်များကို မေးမြန်းပြီး လိုအပ်သည်များကို ဖြည့်ဆည်း စီမံဆောင်ရွက်ပေးသည်။

လူ့စွမ်းအားအရင်းအမြစ်

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် အစိုးရနည်းပညာ ကောလိပ်(ကျိုင်းတုံ)သို့ ရောက်ရှိကြရာ ခေတ္တကျောင်းအုပ် ဒေါက်တာ ရန်အောင်ဦးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကြိုဆိုကြ၍ အတွင်းရေးမှူး(၁)က သင်ကြားစီမံကိစ္စရပ်များကို မေးမြန်းပြီး နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ကြမည့် အသိပညာရှင်၊ အတတ်ပညာရှင် လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ရာတွင် အရည်အချင်း ပြည့်ဝသူများအဖြစ်သာမက ကိုယ်ကျင့်တရားကောင်းမွန်သူများ၊ ဥပဒေစည်းမျဉ်းစည်းကမ်းကို လေးစားလိုက်နာကြသူများ၊ တိုင်းချစ်ပြည်ချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်ရှိသူများဖြစ်အောင်လေ့ကျင့်ပျိုးထောင်သွားကြရေး မှာကြားကာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့သို့ ရောက်ရှိကြပြီး တပ်မတော်ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် နေပြည်တော်သို့ပြန်လည် ရောက်ရှိကြသည်။

အတွင်းရေးမှူး(၁)၏ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦးနှင့် ဗဟိုအလုပ်အမှုဆောင် သူရဦးမြင့်မောင်တို့သည် ဩဂုတ်၁၄ ရက် နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ သူနာပြုနှင့်သားဖွားသင်တန်းကျောင်းခန်းမ၌ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းလုံဆိုင်နှင့်အလုပ်အမှုဆောင်များ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ သူနာပြုသင်တန်းသူများအား တွေ့ဆုံ၍ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းအတွက် အလှူငွေကျပ် ၁၀သိန်းကို ပေးအပ်လှူဒါန်းကြသည်။

ပံ့ပိုးကူညီ

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦးက သူနာပြုနှင့် သားဖွားသင်တန်းကျောင်းတွင် တက်ရောက်သင်ကြားနေကြသူများသည် သင်တန်းပြီးဆုံးသည့်အခါ ကျေးလက်ဒေသနှင့် တောင်ပေါ်မြေပြန့်အနှံ့သွားရောက်၍ တိုင်းရင်းသားများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အနီးကပ်စောင့်ရှောက်ပေးကြမည့် လူငယ်လူရွယ်များဖြစ်ပါကြောင်း၊ အသင်းကြီးအနေဖြင့် လူငယ်လူရွယ်များ၏ စွမ်းအားကိုဂုဏ်ပြုသောအားဖြင့် ဤကဲ့သို့ သင်တန်းကာလအတွင်း ပံ့ပိုးကူညီခြင်းဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက ကျိုင်းတုံမြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ငွေပဒေသာပင်အတွက် အလှူငွေကျပ် ၁၀သိန်းနှင့် ရွှေနိုင်ငံဂျာနယ်များကို ကျောင်းအုပ်ကြီး ဒေါ်သန်းသန်းဝင်းထံ ပေးအပ်ပြီး ကျောင်းအုပ်ကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

တွေ့ဆုံ

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့် ဗဟိုအလုပ်အမှုဆောင် ဦးသိန်းညွန့်တို့သည် ဩဂုတ် ၁၅ရက် ညပိုင်းတွင် ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် အသင်း အတွင်းရေးမှူးများနှင့် အလုပ် အမှုဆောင်များအား တွေ့ဆုံကြသည်။

ထိုသို့ တွေ့ဆုံရာတွင် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အသင်း အလုပ်အမှုဆောင်များက အသင်းအလိုက် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြကြပြီး အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့် ဗဟိုအလုပ်အမှုဆောင် ဦးသိန်းညွန့်တို့က ဒေသဖွံ့ဖြိုးရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရေးတို့ကို မှာကြားကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦး ကျိုင်းတုံမြို့တွင် ပြည်နယ်၊ခရိုင်နှင့် မြို့နယ်အသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတကာအမြင်နှင့်ပူးပေါင်း အမျိုးသားရေးအသိနှင့်ကာကွယ်

ခြင်ကျား (မအူပင်)

ရှက်ဆစ်အဖွဲ့သည် လွယ်တိုင်းလျှံစခန်း မှ ခြေကျင်ခရီး သုံးနာရီခန့်ရှိ ခမ်းပါဆိုသောနေရာ၌ ဘိန်းချက်စခန်းနှစ်ခုကို လျှို့ဝှက်ချက်လုပ်နေခဲ့။ ထိုစခန်းနှစ်ခုကို 'ဝ'တိုင်းရင်းသားအဖွဲ့က ပြီးခဲ့သည့် မေလ ၃၁ရက်တွင် ဖော်ထုတ်တိုက်ခိုက်သိမ်းပိုက်ပြီး ရှက်ဆစ်၏ ဘိန်းရာဇာသရုပ်ကို ကမ္ဘာကသိအောင် ပြသလိုက်။

ဘိန်းသည် မြန်မာ့ခေတ်ဦး စိုက်ပျိုးကုန်မဟုတ်ကြောင်း ပုဂံခေတ်ကျောက်စာတစ်ချပ်က ဖော်ပြထား၏။ ပုဂံမြို့ အာနန္ဒာဘုရားရှေ့မောင်ချစ်စကုန်းမှရရှိသော မြေပုံဘုရား၏နောက်ကျော၌ ပုဂံခေတ်တွင် စိုက်ပျိုးသော သီးနှံစာရင်းများပါရှိလေသည်။ထိုစာရင်းတွင် ဘိန်းပင်မပါဝင်သဖြင့် မြန်မာ့ရှေးဦးခေတ်၌ ဘိန်းစိုက်ပျိုးမှုမရှိကြောင်းသိရလေသည်။(၁၆)ရာစုအလယ်ခန့်တွင် မြန်မာနိုင်ငံအတွင်းသို့ ဒတ်(ချ်)နှင့် အင်္ဂလိပ်ကုန်သည်တို့သည် အရှေ့အိန္ဒိယကျွန်းစုမှ ဘိန်းကိုတင်သွင်းခဲ့ကြသည်ဟုသိရသည်။ ဂျွန်ပင်ကာတန်ဆိုသူ၏ခရီးသွားမှတ်တမ်းများအရ ၁၅၈၀ပြည့်နှစ်အတွင်းတွင် ပုသိမ်ဆိပ်ကမ်းမြို့နှင့် သန်လျင်ဆိပ်ကမ်းမြို့တို့သို့ အာရပ်ကုန်သည်များက သိုးမွေးထည်များ ကတ္တီပါအဝတ်စများနှင့်အတူ သယ်ဆောင်လာသည်ဟု သိရသည်။

၁၈၂၇ ခုနှစ်က အင်းဝကို ရောက်ရှိခဲ့သော ဂျွန်ကရော့ဖဒ်ကလည်း "မြန်မာအစိုးရလက်ထက်တွင် ယစ်မျိုးခွန်ဟုကောက်ခံမှုမရှိ၊ မြန်မာလူမျိုးတို့သည် ၎င်းတို့၏ဥပဒေများက တင်းကျပ်စွာတားမြစ်ထားသောကြောင့်လည်းကောင်း၊ သာသနာရေးအရလည်းကောင်း အရက်၊ ဘိန်းနှင့် အခြားမူးယစ်ဆေးဝါးများကို သုံးစွဲလေ့မရှိကြချေ"ဟု ရေးသားဖော်ပြထားသည်။ သီပေါမင်းလက်ထက်တွင် "ယစ်မျိုးငါးပါးဥပဒေ" ဟူ၍ ဥပဒေတစ်ရပ်ပြဋ္ဌာန်းလျက် ယစ်မျိုးငါးပါးသုံးစွဲခြင်းကို လုံးဝပိတ်ပင်တားမြစ်ခဲ့သည်။ မြန်မာမင်းများလက်ထက်တွင် အခွန်အရပ်ရပ်ကောက်ခံရာ၌ ယစ်မျိုးခွန်ဟူ၍ သတ်မှတ်ကောက်ခံခြင်းမရှိကြောင်း တွေ့ရသည်။

နယ်ချဲ့ အင်္ဂလိပ်တို့ အထက်မြန်မာနိုင်ငံကို သိမ်းပိုက်ခဲ့ပြီးနောက် ရန်ကုန်မြို့ရှိ အင်္ဂလိပ်လက်အောက်ခံ စီးပွားရေးအဖွဲ့အစည်းများက အစိုးရအနေဖြင့် ဘိန်းကို လိုင်စင်နှင့်ရောင်းချခြင်းအားဖြင့် ဘိန်းမှောင်ခိုလုပ်ငန်းကို ထိန်းသိမ်းရာလည်းရောက်သည်။ အခွန်ငွေလည်းရသည်ဟုယူဆတင်ပြခဲ့ကြသည်။ ယင်းသို့ ကိုလိုနီစီးပွားရေးအမြတ်ထုတ်လိုမှုက မြန်မာ့လူ့ဘောင်၏ လူမှုရေးအကျိုးစီးပွားကို ဖျက်ဆီးခဲ့လေသည်။

၁၈၇၈ခုနှစ် ဘိန်းအက်ဥပဒေ၊ ၁၉၁၇ခုနှစ် ယစ်မျိုးဥပဒေ၊ ၁၉၃၁ခုနှစ် ဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေတို့သည် အင်္ဂလိပ်အစိုးရ၏ ဥပဒေများဖြစ်သည်။ ထိုဥပဒေများသည် ဘိန်းထုတ်လုပ်သုံးစွဲမှုကို တားဆီးတိုက်ဖျက်သည့် ဥပဒေများမဟုတ်ဘဲ ဘိန်းကို အင်္ဂလိပ်အစိုးရထံ လိုင်စင်မယူဘဲ ထုတ်လုပ်၊ ဖြန့်ဖြူးသုံးစွဲသူများကို နှိပ်ကွပ်သည့် ဥပဒေများသာဖြစ်လေသည်။ အင်္ဂလိပ်အစိုးရသည် ယစ်မျိုးခွန်ဟု သီးခြားပြဋ္ဌာန်းလျက် ယစ်မျိုးဌာနကြီးတစ်ခုထူထောင်၍ ငွေရှာပွဲကြီး ပြုလုပ်ခဲ့လေသည်။

၁၉၃၅–၁၉၃၆ခုနှစ် မြန်မာနိုင်ငံအုပ်ချုပ်ရေးအစီရင်ခံစာတွင် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် လိုင်စင်ရဘိန်းဆိုင် ၁၂၁ဆိုင်ရှိကြောင်း ဖော်ပြထားသည်။ ဒေါက်တာဂရစ်ဖစ် (Dr. Griffihs) ဆိုသူသည် ၁၈၃၇ ခုနှစ်တွင် အာသံမှ အင်းဝသို့ ဆင်းလာစဉ် ဟူးကောင်းနှင့် မိုးကောင်းတောင်ကြားဒေသများ၌ ဘိန်းပင်များ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလျက် ရှိနေပြီဟုဆိုသည်။ တောင်ပေါ်သားများသည်ဘိန်းကို သုံးစွဲခြင်း၊ အခြားပစ္စည်းများနှင့် ဖလှယ်ခြင်း၊ လက်ဆောင်ပေးခြင်း စသည်ဖြင့် အသုံးပြုနေကြသည်ဟု ရေးသားဖော်ပြထားလေသည်။

၁၈၄၃ခုနှစ်တွင် လော့ဒ်အက်ရှလီက ဗြိတိသျှပါလီမန်တွင် အင်္ဂလန်နိုင်ငံသည် ခရစ်ယာန်နိုင်ငံတစ်နိုင်ငံအနေနှင့် ကိုလိုနီနိုင်ငံများ၌ ဘိန်းကုန်ကူးခွင့်ပြုထားသည်မှာ နိုင်ငံ၏ဂုဏ်သိက္ခာနှင့်ကျင့်ဝတ်ကို များစွာထိခိုက်စေကြောင်း ထုတ်ဖော်တင်ပြခဲ့သည်။ သို့ရာတွင် အင်္ဂလန်သည် မိမိတို့လက်အောက်ခံ ကိုလိုနီနိုင်ငံများတွင် ဘိန်းကို တင်းကြပ်စွာ တားမြစ်ခြင်းမပြုဘဲ အကောက်ခွန်ရရှိရေးကို ဦးစားပေးဆောင်ရွက်ခဲ့သည်။

ထို့ကြောင့် မြန်မာနိုင်ငံလွတ်လပ်ရေးမရမီ ပင်လုံစာချုပ်ကြီးချုပ်ဆိုပြီးနောက် ပေါ်ထွက်လာသော Frontier Areas Committee of Enquiry ၏ ၂၄–၄–၄၇ရက်နေ့အစီရင်ခံစာတွင် နယ်ချဲ့တို့၏ ပယောဂကြောင့် တောင်တန်းဒေသများတွင် ဘိန်းစိုက်ပျိုးထုတ်လုပ်မှုတွင်ကျယ် နေကြောင်းကို ဤသို့ဖော်ပြထားသည်။ "ရှမ်းပြည်နယ်တောင်ပိုင်းတွင် လူဦးရေ ၈၂၇၀၀၀ ရှိ၍ မြန်မာ၊ ရှမ်း၊ ကုလား၊ တရုတ်၊ ပလောင်၊ 'ဝ'နှင့် ကရင်လူမျိုးများနေထိုင်ကြောင်း၊ ကောင်းတုံနယ်မြေတွင် လူပေါင်းခြောက်ထောင်ခန့်တို့သည် ဘိန်းကိုအဓိကစီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်နေကြကြောင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ထိုကာလက လူဦးရေ ၆၉၀၀၀၀ ရှိ၍ ကိုးကန့်နှင့် သံလွင်ဒေသတစ်ဝိုက်တွင် ဘိန်းပင်ကို အဓိကစီးပွားရေးသီးနှံအဖြစ် စိုက်ပျိုးထုတ်လုပ်ကြောင်း၊ ဤနယ်ဒေသမှ ထွက်သောဘိန်းကို အစိုးရနှင့် ပြည်နယ်ဒေသမှ အမြောက်အမြားဝယ်ယူကြကြောင်း၊ 'ဝ'နယ်တွင် လူဦးရေ ၈၃၀၀၀ရှိ၍ ထိုဒေသ၏ အဓိကထွက်ကုန်နှစ်ရပ်မှာ ဆန်စပါးနှင့် ဘိန်းဖြစ်ကြောင်းဖော်ပြထားခြင်း ဖြစ်သည်။ ဤအချက်များအရ ရှမ်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်းနှင့် 'ဝ'နယ်တို့တွင် လွတ်လပ်ရေး မတိုင်မီကပင် ဘိန်းစိုက်ပျိုးထုတ်လုပ်ခဲ့ကြောင်းသိရလေသည်။

၁၉၄၉ခုနှစ်လောက်မှစ၍ တရုတ်ဖြူ ကေအမ်တီတပ်များ မြန်မာ့မြေပေါ်သို့ ဝင်ရောက်လာခဲ့၍ ၁၉၅၃ခုနှစ်တွင် ကေအမ်တီတပ်သား ၁၂၀၀၀ မြန်မာနိုင်ငံအတွင်း ရောက်ရှိခဲ့ကြသည်။ ကေအမ်တီတို့က ၎င်းတို့စီးပွားရေးနှင့် လက်နက်ခဲယမ်း ဝယ်ယူနိုင်ရေးအတွက် ဘိန်းကို ကြားခံကုန်ပစ္စည်းအဖြစ် ဆောင်ရွက်ခဲ့သည်။ ဒေသခံမြန်မာတိုင်းရင်းသားများအား ဘိန်းကို အဓမ္မစိုက်စေခြင်း၊ ဘိန်းဖြူအဖြစ်ပြောင်းလဲထုတ်လုပ်ခြင်းတို့ကို လုပ်ဆောင်ခဲ့သည်။ ၁၉၆၁ခုနှစ်တွင် မြန်မာ့တပ်မတော်သည် တရုတ်ဖြူတပ်များကို မြန်မာ့မြေမှအပြီးတိုင် ချေမှုန်းတိုက်ထုတ်ခဲ့သည်။ ထိုအခါ တရုတ်ဖြူအကြွင်းအကျန်တို့သည် မြန်မာ–လာအို–ထိုင်းနယ်စပ်ဒေသတို့တွင်ခိုကပ်ပြီး မူးယစ်ဆေးဝါးလုပ်ငန်းကို ဆက်လုပ်ခဲ့ကြသည်။ ထိုဒေသကို ရွှေတြိဂံဒေသဟုခေါ်တွင်ပြီး ထွက်ရှိသောဘိန်းကို ထိုင်းနိုင်ငံမှတစ်ဆင့် အနောက်ဥရောပနှင့် အမေရိကန်သို့ သယ်ယူတင်ပို့ခဲ့ကြသည်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း အချို့နှင့် ဒေသခံများမှာ နယ်ချဲ့နှင့်လက်ပါးစေတို့၏ စနက်ကြောင့် မူးယစ်ဆေးဝါး၏ ညှို့ယူဖမ်းစားမှုကိုခံခဲ့ကြရပြီး မူးယစ်မှိုင်းမိကာ မြန်မာနိုင်ငံနယ်စပ်ဒေသများ၌ မူးယစ်သံသရာ ရှည်ကြာခဲ့ရခြင်းဖြစ်လေသည်။

ထို့ကြောင့် မြန်မာနိုင်ငံတွင် ၁၉၇၄ခုနှစ်၌ "မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သောဆေးဝါးများဥပဒေ"ကိုထုတ်ပြဋ္ဌာန်း၍ နယ်ချဲ့တို့ပျိုးထောင်ခဲ့သော မူးယစ်ဆေးဝါးအန္တရာယ်ကို တားဆီးကာကွယ်ခဲ့ရသည်။ မြန်မာ့တပ်မတော်သည် စစ်ဆင်ရေးအလီလီဆင်နွှဲကာ မူးယစ်ဆေးဝါးအန္တရာယ်ကို အသက်၊ သွေး၊ ချွေးစတေး၍ ကာကွယ်ခဲ့သည်။ မြန်မာနိုင်ငံတွင် ၁၉၇၅ခုနှစ်မှစ၍ ဘိန်းနှင့်အခြားမူးယစ်ဆေးဝါးပင်များကို စစ်ဆင်ရေးအသွင်ဖြင့် ဖျက်ဆီးတိုက်ဖျက်ခဲ့သည်။ ကောက်ရိုးစစ်ဆင်ရေး(၁)နှင့် (၂)၊ ဇင်နုစစ်ဆင်ရေး၊ မိုးကြိုးစစ်ဆင်ရေး၊ ဖရဲသီးစစ်ဆင်ရေး၊ ပေါက်ပန်းစစ်ဆင်ရေး၊ တော်ဝင်စစ်ဆင်ရေး၊ ငရဲပန်းစစ်ဆင်ရေး၊ ဒေသန္တရစစ်ဆင်ရေး၊ ရဲမင်းအောင် စစ်ဆင်ရေး၊ မိုးဟိန်းအဆင့်(၁)မှ(၄)အထိ စစ်ဆင်ရေးများနှင့် တောင်ထိပ်ပန်းစစ်ဆင်ရေးတို့ပင်ဖြစ်သည်။

၁၉၈၈ခုနှစ်မတိုင်မီက မူးယစ်ဆေးဝါးပပျောက်ရေးကို ဆောင်ရွက်ရာတွင် တားဆီးနှိမ်နင်းရေးကဏ္ဍကို အလေးထားဆောင်ရွက်ခဲ့သည်။ ဘိန်းခင်းများ၊ ဘိန်းချက်စခန်းများကို စစ်ဆင်ရေးများဖြင့် တားဆီးပိတ်ဆို့ဖျက်ဆီးခဲ့သည်။ နှစ်ပရိစ္ဆေဒကြာမြင့်စွာ နယ်ချဲ့၏ ပယောဂကြောင့်အမြစ်တွယ်နေသော မူးယစ်ဆေးဝါး စိုက်ပျိုး ထုတ်လုပ်မှုသည် တားဆီးနှိမ်နင်းရေးကဏ္ဍတစ်ခုတည်းဖြင့် ချုပ်ငြိမ်းပျောက်ကွယ်သွားလိမ့်မည်မဟုတ်ချေ။

ဘိန်းစိုက်တောင်သူများ ဘိန်းကိုစွန့်လွှတ်ရသည့်အခါ အစားထိုးဝင်ငွေရရှိရေး၊ အစားထိုးဖွံ့ဖြိုးတိုးတက်ရေးနှင့် လူနေမှုဘဝမြင့်မားတိုးတက်ရေးတို့ကို ဟန်ချက်ညီညီ ဆောင်ရွက်ပေးမှသာ မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်မှုပပျောက်ရေး အောင်မြင်မည်ဖြစ်ပေသည်။ ထို့ကြောင့် ၁၉၈၈ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရလက်ထက်တွင် ထုတ်လုပ်မှု ပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေးဟူသော နည်းဗျူဟာသုံးရပ်ကို ချမှတ်၍ဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၂၃–၄–၉၉ ရက်နေ့တွင် **"ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေး၊ ဘိန်းဖြင့် အသက်မွေးလုပ်ငန်းသည် သမ္မာအာဇီဝမဟုတ်ဘဲ လူသားမျိုးနွယ်ကို ပျက်စီးစေသည့် လူ့အဖွဲ့အစည်းအတွက်မကောင်းသောလုပ်ငန်းများ ဖြစ်သည်ဟူသော အသိတရားရရှိလာစေရေး"**တို့အတွက် စည်းရုံးဆောင်ရွက်ရန် လမ်းညွှန်ခဲ့ပါသည်။

ဤလမ်းညွှန်ချက်နှင့်အညီ မူးယစ်ဆေးဝါး ချုပ်ငြိမ်းပပျောက်ရေးကို ဆောင်ရွက်ရာတွင် မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်သုံးစွဲ

သူများ၏ ခံယူချက်နှင့် စိတ်ဓာတ
တောင်ပေါ်–မြေပြန့် တိုင်းရင်းသားအ
ဆက်ဆံရေး၊ နယ်စပ်ဒေသရှိ တိုင်းရင်
တိုးတက်ရေးတို့အတွက် နယ်စပ်
လုပ်ငန်းကို ဟန်ချက်ညီညီ ဆောင်ရွ
ယခုအခါ နိုင်ငံတော် အစိုးရက
များကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေ
ကျပ်သန်းပေါင်း ၈၄၇၅၀ ရင်းနှီးမြ
တွေ့ရှိရပေသည်။နိုင်ငံတော်သည်
အဖွဲ့အစည်းများ ဥပဒေဘောင်အတွင်း
ပြန်လည် စည်းရုံးရေးလုပ်ငန်းကို ဦး
မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါ
ဗျူဟာ၊ နည်းဗျူဟာများ ချမှတ်၍ ၁
ဆေးဝါးပပျောက်ရေး စီမံကိန်းကိုချမှ
စီမံကိန်းကို ၁၉၉၉–၂၀၀၀ခုနှစ်မှစ၍
တတိယငါးနှစ် စီမံကိန်းများဖြင့် ကာ
ခဲ့သည်။
ယခုကာလလည်း ၁၅နှစ်စီမံ
ကာလ၏ တတိယနှစ်ကိုရောက်ရှိ
ဝင်ဒေသများ၌ ဘိန်းစိုက်ပျိုးထုတ်လုပ
သုံးစွဲမှုပပျောက်ရေးတားဆီးနှိမ်နင်းရေ
ရေးအတွက် စည်းရုံးဆောင်ရွက်ရေး၊
ရေးကဏ္ဍတို့တွင် ထိရောက်အောင်
ဆောင်ရွက်နိုင်လျက်ရှိသည်ကို တွေ့
မူးယစ်ဆေးဝါးပပျောက်ရေး
တစ်ရပ်အဖြစ် ဘိန်းစိုက်တောင်သူမျ
မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ပေ
နိုင်ရေးအတွက် ၂၀၀၂ခုနှစ် ဧပြီ
(New Destiny Project)ကို အကေ
သည်။ ပန်းတိုင်သစ်စီမံကိန်းကို ဒုတိ
ဆောင်ရွက်ခဲ့သောကြောင့် ဘိန်းစိုက်
သီးနှံများ စိုက်ပျိုးနိုင်ခဲ့ပြီး ဘိန်းစို
လာခဲ့ပေသည်။ ပန်းတိုင်သစ်စီမံကိန်
စီမံကိန်းကြီးကြပ်ရေးအဖွဲ့(Task Fo
ထို့ကြောင့် မိုင်းလားဒေသသည် ၁၉၉၇
ဒေသသည် ၂၀၀၃ခုနှစ်တွင်လည်းကော
တွင် လည်းကောင်း ဘိန်းကင်းမဲ့ဇုန်
သည်။
မြန်မာနိုင်ငံအတွင်း မူးယစ်ဆေး
တစ်ရပ်ဖြစ်သည့် ဖမ်းဆီးရမိသည့် မူ
ခြင်းကို ရန်ကုန်မြို့တွင် ၂၀၀၆ခု ဇွန်
တိုင်တိုင် ဆောင်ရွက်လာနိုင်ခဲ့သည်။
နှင့် ဓာတုဆေးဝါးများကိုလည်းကော
အမြင်မှန်ရရှိ၍အပ်နှံခဲ့သော ဘိန်းမျိုးစေ့
တွင်သာမက နယ်စပ်ဒေသများ၌လ
(၄၁)ကြိမ်အထိ ရှိခဲ့ပြီဖြစ်သည်။
(၁၉)ကြိမ်မြောက် ဖမ်းဆီးရမိ
မီးရှို့ဖျက်ဆီးပြီးနောက်ပိုင်းကာလတွင်
ဝါးများကို ခြောက်ကြိမ်မီးရှို့ဖျက်ဆီးနို
ဘာလ ၂၂ရက် တစ်ရက်တည်းတွင်
လွယ်ဂျယ်မြို့ နှစ်နေရာတွင် ဖျက်ဆီး

သူများ၏ ခံယူချက်နှင့် စိတ်ဓာတ်မြင့်မားတိုးတက်ပြောင်းလဲရေး၊ တောင်ပေါ်–မြေပြန့် တိုင်းရင်းသားအချင်းချင်း လွယ်ကူစွာ ကူးလူးဆက်ဆံရေး၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားများ၏ လူနေမှုဘဝမြင့်မားတိုးတက်ရေးတို့အတွက် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး” လုပ်ငန်းကို ဟန်ချက်ညီညီ ဆောင်ရွက်ပေးခဲ့သည်။

ယခုအခါ နိုင်ငံတော် အစိုးရက နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့်ဆောင်ရွက်ပေးခဲ့ရာ ၁၇နှစ်တာကာလအတွင်း ကျပ်သန်းပေါင်း ၈၄၇၅၀ ရင်းနှီးမြှုပ်နှံ ဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရှိရပေသည်။နိုင်ငံတော်သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ဥပဒေဘောင်အတွင်းဝင်ရောက်လာစေရန် အမျိုးသားပြန်လည် စည်းရုံးရေးလုပ်ငန်းကို ဦးစားပေးဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်းကို မဟာဗျူဟာ၊ နည်းဗျူဟာများ ချမှတ်၍ ၁၉၉၉ မှ ၂၀၁၄ခုနှစ်အထိ မူးယစ်ဆေးဝါးပပျောက်ရေး စီမံကိန်းကိုချမှတ် ဆောင်ရွက်ခဲ့သည်။ ၁၅နှစ်စီမံကိန်းကို ၁၉၉၉–၂၀၀၀ခုနှစ်မှစ၍ ပထမငါးနှစ်၊ ဒုတိယငါးနှစ်နှင့် တတိယငါးနှစ် စီမံကိန်းများဖြင့် ကာလသုံးပိုင်းလျာထား ဆောင်ရွက်ခဲ့သည်။

ယခုကာလလည်း ၁၅နှစ်စီမံကိန်း၏ ဒုတိယငါးနှစ်စီမံကိန်းကာလ၏ တတိယနှစ်ကိုရောက်ရှိနေပြီဖြစ်သည်။ ၁၅နှစ်စီမံကိန်းဝင်ဒေသများ၌ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုပပျောက်ရေး၊ မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးတားဆီးနှိမ်နင်းရေး၊ နယ်မြေလူထု ပူးပေါင်းပါဝင်ရေးအတွက် စည်းရုံးဆောင်ရွက်ရေး၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးကဏ္ဍတို့တွင် ထိရောက်အောင်မြင်မှုများ တိုးတက်ရရှိအောင် ဆောင်ရွက်နိုင်လျက်ရှိသည်ကို တွေ့ရပေသည်။

မူးယစ်ဆေးဝါးပပျောက်ရေး ၁၅နှစ်စီမံကိန်း၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ဘိန်းစိုက်တောင်သူများကို အစားထိုး စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်းဖြင့် ဘဝသစ် ထူထောင်နိုင်ရေးအတွက် ၂၀၀၂ခုနှစ် ဧပြီလမှစပြီး ပန်းတိုင်သစ်စီမံကိန်း (New Destiny Project)ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ပန်းတိုင်သစ်စီမံကိန်းကို ဒုတိယဝန်ကြီးလေးဦးဖြင့် ကြီးကြပ်ဆောင်ရွက်ခဲ့သောကြောင့် ဘိန်းစိုက်ပျိုးသည့်နယ်မြေများ၌ အစားထိုးသီးနှံများ စိုက်ပျိုးနိုင်ခဲ့ပြီး ဘိန်းစိုက်ပျိုးမှု သိသိသာသာကျဆင်းလာခဲ့ပေသည်။ ပန်းတိုင်သစ်စီမံကိန်းအောင်မြင်စေရန် ပန်းတိုင်သစ်စီမံကိန်းကြီးကြပ်ရေးအဖွဲ့(Task Force)ကိုလည်း ဖွဲ့စည်းခဲ့သည်။ ထို့ကြောင့် မိုင်းလားဒေသသည် ၁၉၉၇ခုနှစ်တွင်လည်းကောင်း၊ ကိုးကန့်ဒေသသည် ၂၀၀၃ခုနှစ်တွင်လည်းကောင်း၊ ‘ဝ’ဒေသသည် ၂၀၀၅ခုနှစ်တွင် လည်းကောင်း ဘိန်းကင်းမဲ့ဇုန်အဖြစ် တရားဝင်ကြေညာနိုင်ခဲ့သည်။

မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါး ပပျောက်ရေးဆောင်ရွက်ချက်တစ်ရပ်ဖြစ်သည့် ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်းကို ရန်ကုန်မြို့တွင် ၂၀၀၆ခု ဇွန်လ၂၆ရက်နေ့အထိ အကြိမ်(၂၀)တိုင်တိုင် ဆောင်ရွက်လာနိုင်ခဲ့သည်။ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးနှင့် ဓာတုဆေးဝါးများကိုလည်းကောင်း၊ ဘိန်းစိုက်သူများက အသိမှန်၊ အမြင်မှန်ရရှိ၍အပ်နှံခဲ့သော ဘိန်းမျိုးစေ့များကိုလည်းကောင်း ရန်ကုန်မြို့တွင်သာမက နယ်စပ်ဒေသများ၌လည်း မီးရှို့ဖျက်ဆီးခဲ့သည်မှာ (၄၁)ကြိမ်အထိ ရှိခဲ့ပြီဖြစ်သည်။

(၁၉)ကြိမ်မြောက် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ ရန်ကုန်မြို့၌ မီးရှို့ဖျက်ဆီးပြီးနောက်ပိုင်းကာလတွင် နယ်စပ်ဒေသများတွင် မူးယစ်ဆေးဝါးများကို ခြောက်ကြိမ်မီးရှို့ဖျက်ဆီးနိုင်ခဲ့သည်။ ၂၀၀၅ခုနှစ် အောက်တိုဘာလ ၂၂ရက် တစ်ရက်တည်းတွင် ကချင်ပြည်နယ် လိုင်ဇာမြို့နှင့် လွယ်ဂျယ်မြို့ နှစ်နေရာတွင် ဖျက်ဆီးခဲ့သည့်အပြင် ၂၀၀၆ခုနှစ် ဧပြီလ ၂၆ရက်နေ့တွင်လည်း ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ မီးရှို့ဖျက်ဆီးမှုပြုလုပ်နိုင်ခဲ့သည်။ ထို့ပြင် ၂၀၀၆ခုနှစ် ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ ပဥ္စမအကြိမ်မြောက် မီးရှို့ဖျက်ဆီးခြင်းကို လဲချားမြို့၌ ကျင်းပနိုင်ခဲ့ပေသည်။ ၁၄–၈–၂၀၀၆ရက်နေ့ကလည်း ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ ဆဋ္ဌမအကြိမ် မီးရှို့ဖျက်ဆီးပွဲကို ကျိုင်းတုံမြို့၌ ကျင်းပခဲ့သည်။

ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့်ပြစ်မှုဆိုင်ရာရုံး(UNODC)၏ ၂၀၀၅ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာ၌ မြန်မာနိုင်ငံအတွင်း ဘိန်းစိုက်ပျိုးမှု တိုင်းတာရာတွင် ၂၀၀၁ခုနှစ်မှ ၂၀၀၅ခုနှစ်အတွင်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ၆၁ရာခိုင်နှုန်းကျဆင်းကြောင်း ဖော်ပြထားသည်။ အမေရိကန်နိုင်ငံ Counter Narcotic and Crime, CNC နှင့် ဘိန်းအထွက်နှုန်းတိုင်းတာရေး ပူးပေါင်းဆောင်ရွက်သည့် စာရင်းဇယားများအရ ၁၉၉၆ခုနှစ်ကနှင့် နှိုင်းယှဉ်လျှင် ၂၀၀၄ခုနှစ် ဘိန်းစိုက်ပျိုးမှုမှာ ၈၁ရာခိုင်နှုန်းကျဆင်းပြီး ဘိန်းထုတ်လုပ်မှု ၈၈ရာခိုင်နှုန်း ကျဆင်းသည်ဟု တရားဝင်ဖော်ပြထားပေသည်။

UNODC နှင့် ပူးပေါင်းဆောင်ရွက်သည့် ဘိန်းတိုင်းတာရေးလုပ်ငန်းအရ ၂၀၀၄ခုနှစ် ဘိန်းစိုက်ပျိုးမှုတွင် ၂၀၀၃ခုနှစ်ကထက် ၂၃ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ ၂၀၀၅ခုနှစ် ဘိန်းစိုက်ပျိုးမှုတွင် ၂၀၀၄ခုနှစ်ကထက် ၂၆ရာခိုင်နှုန်း လျော့နည်းခဲ့ပြီး ၁၉၉၆ခုနှစ်ကထက် ၇၃ရာခိုင်နှုန်း ကျဆင်းသည်ဟု အောက်တိုဘာလ ၁၁ ရက်နေ့တွင် ထုတ်ပြန်ကြေညာ သွားလေသည်။

ဖမ်းဆီးနှိမ်နင်းမှုအပိုင်းတွင် မူးယစ်ဆေးဝါးတားဆီးရေးဗဟိုကော်မတီစတင်ဖွဲ့စည်း လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ၁၉၇၆ခုနှစ်မှ ယနေ့အချိန်အထိ ဖမ်းဆီးရမိ ဘိန်း၊ ဘိန်းဖြူ၊ စိတ်ကြွဆေးနှင့်ဓာတုပစ္စည်းအပါအဝင် ခန့်မှန်းတန်ဖိုးသည် အမေရိကန်ဒေါ်လာဖြင့် ၂၂ဒသမ၇၃၅ ဘီလီယံရှိကြောင်း သိရလေသည်။

၂၀၀၄ခုနှစ် ဇူလိုင်လတွင် မွန်ပြည်နယ် ရေးမြို့နယ် နှစ်ကရင်ရွာနား၌ နိုင်ငံတကာရေပြင်မှတစ်ဆင့် အနောက်နိုင်ငံသို့ ခိုးထုတ်သွားမည့် ဘိန်းဖြူဘလောက်တုံး အလေးချိန်၅၉၂ဒသမ၅ကီလို ဖမ်းဆီးရမိခဲ့သည်။ ငွေကြေးပမာဏအားဖြင့် အမေရိကန် ဒေါ်လာ၇၄သန်းဖိုးရှိလေသည်။ ထိုဖြစ်စဉ်တွင် ပြည်ပသို့ ထွက်ပြေးတိမ်းရှောင်သွားသော တရားခံများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းသတင်းဖလှယ်ဖော်ထုတ်ဖမ်းဆီး၍ တရားဥပဒေအရ အရေးယူပြစ်ဒဏ်ချမှတ်နိုင်ခဲ့သည်။

၂၀၀၅ခုနှစ် မေလ၂၄ရက်တွင် မူးယစ်ဗဟိုနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင် ယူနန်ပြည်နယ် မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ရန်ကုန်မြို့၌ အိုက်စ်၁၀၂ဒသမ၅ကီလို တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ၆၁ဒသမ၅သန်းနှင့်တကွ နိုင်ငံခြားသားများကို ဖော်ထုတ်အရေးယူနိုင်ခဲ့လေသည်။

၂၀၀၅ ခုနှစ် စက်တင်ဘာလ ၁၀ ရက်တွင် အမေရိကန်ဒေါ်လာ ၆၂သန်းကျော်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၄၉၆ကီလိုကို မူးယစ်ဗဟိုနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင်တို့၏ ချစ်ကြည်ရင်းနှီးစွာ အပြန်အလှန်သတင်းဖလှယ်၍ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့လေသည်။

နိုင်ငံတကာတားဆီးနှိမ်နင်းရေးအဖွဲ့များနှင့် သတင်းဖလှယ်ပူးပေါင်းဖော်ထုတ်ရာ၌ အောင်မြင်မှုများရှိသကဲ့သို့ ပြည်တွင်းတွင်လည်း ဒေသခံပြည်သူများ၏ တက်ကြွစွာပူးပေါင်းဆောင်ရွက်မှုကြောင့် ထူးခြားစွာဆောင်ရွက်နိုင်မှုများလည်းရှိခဲ့သည်။ ၂၀၀၅ခုနှစ် ဇန်နဝါရီလတွင် မူးယစ်ဗဟိုနှင့်အထူးတပ်ဖွဲ့များ ပူးပေါင်းဆောင်ရွက်မှုဖြင့် ရန်ကုန်တိုင်း

‘ခမ်းပါ’ဆိုသော နေရာကို မြေပုံပေါ်တွင် ကြည့်လျှင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် တည်ရှိနေကြောင်း တွေ့ရှိနိုင်။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဝင်ဒေသအဖြစ် နိုင်ငံတော်က သတ်မှတ်ဖော်ဆောင်ပေးနေသော ‘ဝ’တိုင်းရင်းသားများ၏ ဒေသသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)ဖြစ်သည်။ ထို့ကြောင့် ‘ခမ်းပါ’ သည် ရှမ်း(မြောက်)အထူးဒေသ(၂)အတွင်းမှ မဟုတ်ဘဲ နယ်စပ်ကို ခွထိုင်နေသော SSA-S ရှက်ဆစ်အဖွဲ့ အခြေပြုထားရာ လွယ်တိုင်းလျှံစခန်းမှ လက်လှမ်းတမီနေရာ၌ ရှိနေကြောင်း ပေါ်လွင်ထင်ရှားစွာ တွေ့ရှိနိုင်။

ရွှေပြည်သာမြို့နယ်၌ အိုက်စ် ၁၇၈ကီလို တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၀၆ဒသမ၈သန်းဖိုး ဖမ်းဆီးရမိခဲ့သည်။

၂၀၀၆ခုနှစ် မေလအတွင်းတွင်လည်း ရှမ်းပြည်နယ်(တောင်ပိုင်း) ဝမ်ယိမ်း၊ လဲချား၊ ဆီဆိုင်ဒေသတို့၌ အမေရိကန်ဒေါ်လာ ၄၆ဒသမ၉သန်းဖိုးနှင့်ညီမျှသည့် ဘိန်းချက်စခန်းများကို သိမ်းဆည်းရမိခဲ့သည်။ ထိုဖြစ်စဉ်တွင် SSNA ခွဲထွက်အဖွဲ့ ဒုတိယဥက္ကဋ္ဌ စစ်ဦးစီးချုပ်မောင်လှနှင့်သက် ဆိုင်ပြီး SSNA ခွဲထွက်အဖွဲ့နှင့် လုံးဝသက်ဆိုင်ခြင်းမရှိကြောင်း တွေ့ရှိရသည်။

နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုအောက်တွင် တိုင်းရင်းသားပြည်သူများ၊ ဒေသခံတိုင်းရင်းသားများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် မြန်မာနိုင်ငံ ၂၀၁၄ခုနှစ်အရောက်၌ မူးယစ်ဆေးဝါးပပျောက်ရမည်ဟု မျှော်မှန်းဆောင်ရွက်လျက်ရှိသည်။ ဤသို့ မူးယစ်ဆေးဝါးကို အမျိုးသားရေးအန္တရာယ်အဖြစ် သတ်မှတ်လျက်ဆောင်ရွက်ခဲ့သဖြင့် မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်မှု သိသိသာသာကျဆင်းလာခဲ့ပေသည်။ သို့ရာတွင် သောင်းကျန်းသူအကြွင်းအကျန်ဖြစ်သော SSA-S ရှက်ဆစ်ဦးစီးသည့်အဖွဲ့သည် မူးယစ်ဆေးဝါးလုပ်ငန်းကို အာသာမဖြတ်နိုင်ဘဲ နယ်စပ်ဒေသများ၌ မူးယစ်ဆေးဝါးလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း တွေ့ရှိရသည်။

ရှက်ဆစ်အဖွဲ့သည် လွယ်တိုင်းလျှံစခန်းမှ ခြေကျင်ခရီး သုံးနာရီခန့်ရှိ ခမ်းပါ ဆိုသောနေရာ၌ ဘိန်းချက်စခန်းနှစ်ခုကို လျှို့ဝှက်ချက်လုပ်နေခဲ့သည်။ ထိုစခန်းနှစ်ခုကို ‘ဝ’တိုင်းရင်းသားအဖွဲ့က ပြီးခဲ့သည့် မေလ ၃၁ရက်တွင် ဖော်ထုတ်တိုက်ခိုက်သိမ်းပိုက်ပြီး ရှက်ဆစ်၏ဘိန်းရာဇာသရုပ်ကို ကမ္ဘာကသိအောင် ပြသလိုက်သည်။

‘ခမ်းပါ’ဆိုသောနေရာကို မြေပုံပေါ်တွင်ကြည့်လျှင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် တည်ရှိနေကြောင်း တွေ့ရှိနိုင်သည်။ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဝင်ဒေသအဖြစ် နိုင်ငံတော်က သတ်မှတ်ဖော်ဆောင်ပေးနေသော ‘ဝ’တိုင်းရင်းသားများ၏ဒေသသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)ဖြစ်သည်။ ထို့ကြောင့် ‘ခမ်းပါ’သည် ရှမ်း(မြောက်)အထူးဒေသ(၂)အတွင်းမှမဟုတ်ဘဲ နယ်စပ်ကို ခွထိုင်နေသော SSA-S ရှက်ဆစ်အဖွဲ့ အခြေပြုထားရာ လွယ်တိုင်းလျှံစခန်းမှ လက်လှမ်းတမီနေရာ၌ရှိနေကြောင်း ပေါ်လွင်ထင်ရှားစွာ တွေ့ရှိနိုင်လေသည်။ ရှစ်ဆစ်ကဲ့သို့ ဘိန်းရာဇာတစ်ဦးကို ပြည်ပဆရာကြီးများက အမျိုးသားရေးစင်၌တင်၍ အသုံးချနေခြင်းသည် နိုင်ငံတကာမှပင် စိတ်ပါဝင်စားစွာ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းအား ပူးပေါင်းဆောင်ရွက်နေသည်ကို မျက်ကွယ်ပြုရာလည်းကျပေသည်။

ထို့အပြင် မြန်မာနိုင်ငံ၏ သမိုင်းဖော်ပြချက်အရ မူးယစ်ဆေးဝါးသည် မြန်မာ့မြေတွင် စတင်အလေ့ကျပေါက်ပွားခဲ့သည်မဟုတ်ဘဲ နယ်ချဲ့တို့၏ ပယောဂကြောင့် ဖြစ်ထွန်းခဲ့ခြင်းဖြစ်သည်ကို တွေ့ရှိရလေသည်။ မူးယစ်ဆေးဝါးပြဿနာသည် နိုင်ငံတကာနယ်စပ်နှင့်လည်းကောင်း၊ ဒေသတွင်းနိုင်ငံများနှင့်လည်းကောင်း လက်တွဲပူးပေါင်း ဖြေရှင်းရမည့်ပြဿနာလည်း ဖြစ်သည်။

ထို့ကြောင့် မြန်မာနိုင်ငံက နိုင်ငံတကာ၏အန္တရာယ်ဖြစ်သော မူးယစ်ဆေးဝါးရန်စွယ်ကို အမျိုးသားရေးအသိနှင့် ကာကွယ်တိုက်ဖျက်နေချိန်တွင် နိုင်ငံတကာကလည်း နိုင်ငံတကာအမြင်နှင့် ပူးပေါင်းဆောင်ရွက်ပါက ပိုမိုထိရောက်အောင်မြင်လိမ့်မည်ဖြစ်ကြောင်း သုံးသပ်တင်ပြလိုက်ရပါသတည်း။ ။

မူးယစ်ဆေးဝါးများ မီးရှို့ ဖျက်ဆီး

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဖမ်းဆီးရမိမူးယစ်ဆေးဝါးများအား ဆဋ္ဌမအကြိမ် မီးရှို့ဖျက်ဆီးနေသည်ကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း– မြန်မာ့အလင်း)

နိုင်ငံတော်အစိုးရက နိုင်ငံတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအဓိကထား တိုင်းရင်းသားညီအစ်ကိုတို့၏ဒေသများ၌ မူးယစ်ဆေးဝါးလုံးဝပပျောက်ရေးကြိုးပမ်းမှု အားပေးကူညီ မူးယစ်ဆေးဝါးပြဿနာမှာ နယ်ချဲ့တို့က မျိုးစေ့ချဖန်တီးခဲ့သော ဆိုးမွေအများအပြားထဲမှတစ်ခုဖြစ် ယခုအခါပန်ဆန်းနှင့်မိုင်းလားမြို့သည် ခေတ်မီမြို့ပြအင်္ဂါရပ်များဖြင့် ငြိမ်းချမ်းသာယာစည်ပင်လျက်ရှိ ဒေသနေပြည်သူများ ရေရှည်အကျိုးဖြစ်ထွန်းစေမည့် ရော်ဘာနှင့်လက်ဖက်စိုက်ပျိုးရေးစည်းရုံးဦးဆောင်ပေး

နေပြည်တော် ဩဂုတ် ၁၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဩဂုတ် ၁၆ ရက် နံနက် ၈ နာရီတွင် ကျိုင်းတုံမြို့ မြို့နယ်ခန်းမ၌ကျင်းပသည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ၂၀၀၅–၂၀၀၆ ခုနှစ် သီးနှံစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆုများပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများချီးမြှင့်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ၂၀၀၅–၂၀၀၆ ခုနှစ် သီးနှံစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆုပေးအပ်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တက်ရောက်

ထူးချွန်ဆု ပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တပ်မတော် စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်နယ်၊ ခရိုင် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများ၊ ၂၀၀၅–၂၀၀၆ ခုနှစ် သီးနှံစိုက်ပျိုးထူးချွန်ဆုရရှိကြသော ခရိုင်နှင့်မြို့နယ်များနှင့် တောင်သူများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ရှေးဦးစွာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ရှမ်းပြည်နယ်(အရှေ့ပိုင်း)၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ၌ ယနေ့ကျင်းပသည့် အခမ်းအနားသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၏ လယ်ယာကဏ္ဍသီးနှံ စိုက်ပျိုးထုတ်လုပ်ရေး အမှန်တိုးတက်နေမှုကို ဖော်ထုတ်ဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနား ဖြစ်ပါကြောင်း၊ ဒေသခံ သီးနှံစိုက်တောင်သူများအနေဖြင့် သီးနှံအထွက်တိုးနည်းပညာများကို စနစ်တကျ အမှန်တကယ်သိရှိလိုက်နာ ကျင့်သုံးဆောင်ရွက်ခြင်း၏ အကျိုးရလဒ်ကို ဂုဏ်ယူဖော်ထုတ်ချီးမြှင့်ပေးလိုသည့်အတွက် ယခုလို ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

ရည်ရွယ်ချက်

၂၀၀၅–၂၀၀၆ ခုနှစ် နွေစပါးမှာ တစ်ဧက တင်း ၁၂၀ နှင့်အထက် ယှဉ်ပြိုင်ဆုပေးရသည့် ရည်ရွယ်ချက်မှာ–

- **တောင်သူများမှ သိပ္ပံနည်းကျ စိုက်စနစ်များကို စိတ်ဝင်စား၍ ဆောင်ရွက်လာစေရန်၊**
- **စပါးအထွက်နှုန်း တိုးတက်မြင့်မားလာစေရန်၊**
- **စပါးအထွက်တိုး၍ တောင်သူတစ်ဦးချင်း ဝင်ငွေတိုးလာစေရန်၊**
- **သီးနှံစိုက်စွမ်းအား တိုးတက်လာစေရန်၊**
- **ပြည်နယ်၏ အသားတင်ထုတ်လုပ်မှု မြင့်မားလာစေရန်**

တို့ ဖြစ်ကြောင်း။

မိုးစပါးနှင့် နွေစပါး စိုက်ပျိုးရာတွင် အထွက်နှုန်းယှဉ်ပြိုင်ပွဲများကျင်းပပေးခဲ့သည့်အတွက် အထွက်နှုန်းမြင့်မားလာပြီး စိုက်ဧကများပါ တိုးတက်လာမှုကြောင့် ဒေသဝမ်းစာဖူလုံမှုအနေဖြင့် ၂၀၀၄–၂၀၀၅ ခုနှစ်တွင် ၁၂၉ဒသမ၁၁ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၅–၂၀၀၆ ခုနှစ်တွင် ၁၆၅ ဒသမ၃၅ ရာခိုင်နှုန်း ရှိလာခဲ့ကြောင်း။

လျာထားစိုက်ပျိုး

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ၂၀၀၄–၂၀၀၅ ခုနှစ်မှစ၍ ဧကလေးသိန်းပြည့်မီသည်အထိ လျာထားစိုက်ပျိုးလျက်ရှိကြောင်း။

အထွက်တိုးရေးအတွက် နည်းလမ်းလေးသွယ်ဖြင့် ပညာပေး ဆောင်ရွက်လျက်ရှိသကဲ့သို့ မိုးစပါးတစ်ဧက တင်း ၁၀၀ နှင့်အထက် ထွက်ရှိသူများနှင့် နွေစပါးတစ်ဧကတင်း ၁၂၀အထက် ထွက်ရှိသူများကို အထွက်နှုန်းပြိုင်ပွဲများပြုလုပ်၍ဆုများချီးမြှင့်လျက်ရှိကြောင်း၊ ထို့ပြင် စားဖိုဆောင်သီးနှံနှင့် ဆီထွက်သီးနှံများ အမြင့်ဆုံးထွက်ရှိသည့် မြို့နယ်၊ သီးနှံစိုက်စွမ်းအား အမြင့်ဆုံးကျေးရွာအုပ်စု၊ သီးနှံစိုက်ပျိုးထုတ်လုပ်ရေး ကြီးကြပ်မှု အကောင်းဆုံးခရိုင်နှင့် မြို့နယ်များအား လယ်ယာကဏ္ဍ တိုးတက်မြင့်မားရေးအတွက် ယခုကဲ့သို့ အခမ်းအနားဖြင့် ထိုက်ထိုက်တန်တန် ဆုများချီးမြှင့်ရခြင်းဖြစ်ကြောင်း။

တိုးချဲ့စိုက်ပျိုး

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် နှစ်ရှည်သီးနှံဖြစ်သည့် ရော်ဘာကို ၁၉၉၇ ခုနှစ်မှစတင်စိုက်ပျိုးခဲ့ကြောင်း၊ စုစုပေါင်း ၄၅၀၀၁ ဧက စိုက်ပျိုးထားရှိပြီးဖြစ်ကြောင်း၊ ဆက်လက်၍ ၂၀၀၇–၂၀၀၈ ခုနှစ်အတွင်း စုစုပေါင်းဧကတစ်သိန်း ပြည့်မီရေးအတွက် တိုးချဲ့စိုက်ပျိုးရန် ဆောင်ရွက်ထားရှိကြောင်း။

ပြည်ပဈေးကွက်ရှိသည့် ရော်ဘာကို တိုးချဲ့စိုက်ပျိုးနေသကဲ့သို့ အမြင့်ပေ ၃၀၀၀ အထက် နေရာများတွင် လက်ဖက်တိုးချဲ့စိုက်ပျိုးရေးကို ဆောင်ရွက်လျက်ရှိကြောင်း။

လျာထားဆောင်ရွက်

ခြံစည်းရိုး ကြက်ဆူပင်များကို သုံးနှစ်အတွင်း ဧကငါးသိန်းပြည့်မီအောင် စိုက်ပျိုးရန် လမ်းညွှန်ချက်အရ ၂၀၀၆ ခုနှစ်တွင် ၁၄၈၁၀၅ ဧက၊ ၂၀၀၇ ခုနှစ်တွင် ဧက ၁၄၉၀၂၀၊ ၂၀၀၈ ခုနှစ်တွင် ၂၈၄၆၈၈ ဧက စုစုပေါင်း ၅၈၁၈၁၃ ဧက စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်မှ ဆည်မြောင်းတာတမံနှင့် ချောင်းမြောင်း ပိတ်ဆို့မှုလုပ်ငန်းများဖြင့်လည်း စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ပေးလျက်ရှိသဖြင့် ၁၉၈၈ ခုနှစ်တွင် ဆည်မြောင်းတာတမံ ရှစ်ခုရှိရာမှ ယခု ၃၆ ခုအထိ တိုးတက်ပြီး ချောင်းမြောင်း တာတမံအနေဖြင့် ယခင်က မရှိခဲ့သော်လည်း ယခု ၁၈၃ ခုအထိ တိုးတက်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ စပါးအထွက်နှုန်းတွင်လည်း ၁၉၈၈ ခုနှစ်က မိုးစပါးတစ်ဧက အထွက်နှုန်း ၅၁ ဒသမ ၇၇ မှ ၆၉ ဒသမ ၇၂ တင်းအထိ တိုးတက်လာပြီ ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဂုဏ်ပြုဆုငွေပေးအပ်

ယင်းနောက် ၂၀၀၅–၂၀၀၆ ခုနှစ် သီးနှံစိုက်ပျိုးထူးချွန်ဆု ရရှိသူများအားဆုများပေးအပ်ချီးမြှင့်ကြရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦးက မိုးစပါးပန်းတိုင်အထွက်နှုန်းအများဆုံးနှင့် အမြင့်ဆုံးဆု၊ နွေစပါးစိုက်ပျိုးမှု ထူးချွန်ဆုရ တာချီလိတ်မြို့နယ်အားလည်းကောင်း၊ နွေစပါး စိုက်ပျိုးထုတ်လုပ်မှု အများဆုံးမြို့နယ်ဆုရ ကျိုင်းတုံမြို့နယ်အားလည်းကောင်း၊ စားဖိုဆောင်သီးနှံ အမြင့်ဆုံးထွက်ရှိသော မြို့နယ်ဆုရ မိုင်းလားမြို့နယ်တို့အားလည်းကောင်း ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေကျပ် သုံးသိန်းတို့ ပေးအပ်သည်။

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက ဆီထွက်သီးနှံ အမြင့်ဆုံးထွက်ရှိသော မြို့နယ်ဆုရ ကျိုင်းတုံမြို့နယ်နှင့် သီးနှံစိုက်စွမ်းအား အမြင့်ဆုံးကျေးရွာအုပ်စု ကျိုင်းတုံမြို့နယ် ယန်းလောကျေးရွာအုပ်စုတို့အား ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေကျပ် သုံးသိန်းကို ပေးအပ်သည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ကြီးကြပ်မှုအကောင်းဆုံး ခရိုင်ဆုရ ကျိုင်းတုံခရိုင်နှင့် ကြီးကြပ်မှုအကောင်းဆုံး မြို့နယ်ဆုရ ကျိုင်းတုံမြို့နယ်တို့အား ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေကျပ် သုံးသိန်းစီတို့ကို ပေးအပ်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက နွေစပါးတစ်ဧက အထွက်နှုန်း တင်း ၁၂၀နှင့်အထက်၌ အထူးဆု(၄)ရရှိသော တောင်သူ ဦးအိုက်ရှန်၊ အထူးဆု(၃) ရရှိသော ကျိုင်းတုံမြို့ အမှတ်(၈) တပ်ထိန်းတပ်ခွဲ၊ အထူးဆု(၂) ရရှိသော တောင်သူ ဦးသာစန်းတို့အား ၂၁ လက်မရုပ်မြင်သံကြားဖမ်းစက်နှင့် အထူးဆု(၁)ရရှိသော တောင်သူဦးစိုင်းရီတို့အား ၂၉လက်မရုပ်မြင်သံကြားစက်များကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က နွေစပါးတစ်ဧက အထွက်နှုန်း တင်း၁၂၀နှင့်အထက်၌ ပထမရရှိသော တောင်သူ ဦးစိုင်းသန်းအဖွဲ့အား ရေစုပ်စက်(အသေး)နှင့် ဂုဏ်ပြုဆုငွေ ကျပ်နှစ်သိန်း၊ ဒုတိယဆုရရှိသော တောင်သူ ဦးစံလောအား ရေစုပ်စက်(အလတ်)နှင့် ဂုဏ်ပြုဆုငွေကျပ် သုံးသိန်း၊ ပထမဆုရရှိသော တောင်သူ ဦးအောင်နိုင်အား

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် နွေစပါးတစ်ဧကအထွက်နှုန်း တင်း၁၂၀နှင့် အထက် ရရှိသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

စာမျက်နှာ ၁၀ မှ

ရေစုပ်စက်(အကြီး)၊ ဂုဏ်ပြုဆုတံဆိပ်နှင့် ငွေသားကျပ် ငါးသိန်းတို့ကို ပေးအပ်ချီးမြှင့်သည်။

ရှင်းလင်းတင်ပြ

ယင်းနောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၌ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက်တာဝန် နှစ်ရပ်အဖြစ် စိုက်ပျိုးသီးနှံအထွက်နှုန်းမြင့်မားရေးနှင့် စိုက်ဧကတိုးတက်ရရှိရေးတို့ကို ကြိုးပမ်းဆောင်ရွက်နေမှုအခြေအနေ၊ နှစ်ရှည်၊ နှစ်တိုနှင့် အမယ်သစ်သီးနှံများ တိုးချဲ့စိုက်ပျိုးနေမှုနှင့် စိုက်ပျိုးလိုသူ ပုဂ္ဂလိကလုပ်ငန်းရှင်များအား အားပေးကူညီပံ့ပိုးဆောင်ရွက်နေမှု အခြေအနေတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင်သိန်းက ကုန်သွယ်မှုတိုးတက်ခြင်း၏ အခြေခံဖြစ်သည့် ထုတ်လုပ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ဈေးကွက်ရရှိမှုနှင့် ဈေးကွက်သို့ ချိတ်ဆက်တင်ပို့နိုင်မှုတို့တွင် လိုအပ်ပုံများ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)သည် ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ဆက်စပ်နေသဖြင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုများကို ကြိုးပမ်းလုပ်ကိုင်သွားပါက ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်လာနိုင်မည့် အခြေအနေများကိုလည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) အပါအဝင် နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားစေရန်အတွက် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ဥက္ကဋ္ဌအဖြစ်ပါဝင်သည့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၊ ဖွဲ့စည်းထားရှိမှုလုပ်ငန်းကော်မတီ၊ ဒေသဆိုင်ရာလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများဖွဲ့စည်း၍ ဆောင်ရွက်နေမှု၊ ၁၉၈၉ခုနှစ်မှ ၂၀၀၆ခုနှစ်အထိ ဆောင်ရွက်ပေးခဲ့သည့် လမ်းတံတားများနှင့် ပညာရေး၊ ကျန်းမာရေး၊ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးလုပ်ငန်းများ၊ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်မှုကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပိုမိုဖြစ်ထွန်းရရှိလာမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ကူညီအားပေး

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကား ပြောကြားရာတွင် မိမိတို့အဖွဲ့သည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ ဖြည့်ဆည်းပေးရန် လာရောက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ထို့ပြင် ယခုလ ၁၄ရက်က ကျိုင်းတုံမြို့၌ကျင်းပသည့် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲ အခမ်းအနားကို တက်ရောက်ခဲ့ပြီး ၁၅ရက်နေ့တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းလားအထူးဒေသ(၄)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)'ဝ'အထူးဒေသ (၂)သို့ သွားရောက်ကာ မိမိတို့ ညီအစ်ကို တိုင်းရင်းသားများ၏ ယင်းတို့၏ ဒေသများ၌ မူးယစ်ဆေးဝါး လုံးဝကင်းစင်ပပျောက်သွားစေရန် ကြိုးပမ်းဆောင်ရွက်နေမှုများအား ကူညီအားပေးခဲ့ပြီး ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့ကြောင်း။

ယနေ့ မိမိတို့ရင်ဆိုင်ဖြေရှင်းနေရသည့် မူးယစ်ဆေးဝါးပြဿနာမှာ ယခုမှ ပေါ်ပေါက်လာခြင်းမဟုတ်ကြောင်း၊ နယ်ချဲ့တို့က မျိုးစေ့ချ ဖန်တီးပေးခဲ့သည့် ဆိုးမွေအများအပြားထဲမှ တစ်ခုပင်ဖြစ်ကြောင်း။

ငြိမ်းချမ်းသာယာ

အဆိုပါ 'ဝ'အထူးဒေသ(၂) ပန်ဆန်းနှင့် အထူးဒေသ(၄) မိုင်းလားရှိ တိုင်းရင်းသားများအနေဖြင့် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြပြီး မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် ယနေ့ဆိုလျှင် ပန်ဆန်းနှင့် မိုင်းလားမြို့တို့သည် ခေတ်မီ မြို့ပြအင်္ဂါရပ်များနှင့် ငြိမ်းချမ်းသာယာစည်ပင်လျက်ရှိနေသည်ကို တွေ့မြင်ကြရမှာဖြစ်ကြောင်း။

အလားတူပင် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့်အခြားသော တိုင်းရင်းသား ညီအစ်ကိုများ၏ ဒေသများမှာလည်း တည်ငြိမ်အေးချမ်းမှုနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ထွန်းရရှိနေသည်ကို တွေ့ရှိရမှာဖြစ်ကြောင်း။

အခိုင်အမာတည်ဆောက်

နိုင်ငံတော်အစိုးရက နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အဓိကထားဆောင်ရွက်ခဲ့ပြီး ပြည်ထောင်စုကြီးအစွန့်ရှည် တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခိုင်အမာ တည်ဆောက်နိုင်ခဲ့ကြောင်း။

မိမိတို့သည် ယခင်က ဒေသစွဲ၊ လူမျိုးစွဲ၊ ဝါဒစွဲတွေကို ဘေးဖယ်ကာ ညီရင်းအစ်ကို မောင်ရင်းနှမစိတ်ထားဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ခဲ့မှုကြောင့် ယနေ့အချိန်တွင် နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို သိသာထင်ရှားစွာ ရရှိဖြစ်ထွန်းနေခြင်းဖြစ်ကြောင်း။

ကြိုးပမ်းဆောင်ရွက်

ထို့ပြင် ယနေ့အချိန်အခါတွင် ပြည်သူအများ လိုလားတောင့်တနေသည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့် မူများရရှိအောင် တိုင်းရင်းသားပေါင်းစုံပါဝင်သည့် အမျိုးသားညီလာခံကြီးက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့ နိုင်ငံတော်တွင် နိုင်ငံရေးအားဖြင့် တည်ငြိမ်အေးချမ်းမှုများရရှိဖြစ်ထွန်းနေသကဲ့သို့ စီးပွားရေးတိုးတက်မှုကို အထောက်အကူဖြစ်စေမည့် လမ်း၊ တံတား၊ ဆည်မြောင်း တာတမံ အခြေခံအဆောက်အအုံများလည်း သိသာထင်ရှားစွာ တိုးတက်ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေး နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ စိုက်ပျိုးရေးကိုအခြေခံပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ ရရှိအောင် ဆောင်ရွက်လျက်ရှိကြောင်း။

စည်းရုံးဦးဆောင်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသအနေဖြင့် စိုက်ပျိုးရေး ဖြစ်ထွန်းစေမည့် ရေခံ မြေခံကောင်းများနှင့် နယ်မြေကျယ်ဝန်းမှုလည်း ရှိနေပါကြောင်း၊ ဒေသအတွင်း ဝမ်းစာရိက္ခာ ဖူလုံရေးအတွက် ဆန်စပါးစိုက်ပျိုးခြင်းအပြင် အချိန်တိုကာလအတွင်း အပိုဝင်ငွေရရှိစေမည့် ပြောင်း၊ပဲပုပ်၊ ပဲတီစိမ်း စသည့် သီးနှံမျိုးစုံကိုလည်း စိုက်ပျိုးသွားရန်လိုကြောင်း၊ ထို့ပြင် ဒေသနေပြည်သူများအတွက် ရေရှည်အကျိုးဖြစ်ထွန်းစေနိုင်သည့် ရော်ဘာ၊ လက်ဖက် စိုက်ပျိုးရေးအတွက်ကိုလည်း ဝန်ထမ်းများက ရှေ့ဆောင်ရှေ့ရွက်ပြုပြီး ပြည်သူများကို စည်းရုံးဦးဆောင်ပေးကြရန် မှာကြားလိုကြောင်းဖြင့်ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများနှင့်လူမှုရေးအသင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ **(သတင်းစဉ်)**

ဗဟန်းမြို့နယ်အခြေခံစည်းရုံးရေးသင်တန်းဆင်း

ရန်ကုန် ဩဂုတ် ၁၈

ဗဟန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သည့် အခြေခံစည်းရုံးရေးသင်တန်းအမှတ်စဉ်(၂၅)ဆင်းပွဲကို ဩဂုတ် ၁၃ရက်က ကျိုက္ကဆံရပ်ကွက်ရှိ ဓမ္မာရုံတွင် ကျင်းပရာ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် (အနောက်ပိုင်းခရိုင်တာဝန်ခံ) ဦးတင်ဝင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင် အလုပ်အမှုဆောင် ဒေါ်စန်းစန်းဝင်း၊ ဗဟန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးရဲကျော်သူရွှေနှင့် အလုပ်အမှုဆောင်များ တက်ရောက်ကြသည်။

ဆုချီးမြှင့်

သင်တန်းဆင်းပွဲတွင် ရန်ကုန်တိုင်း အလုပ်အမှုဆောင် ဦးတင်ဝင်းက သင်တန်းဆင်းအမှာစကား ပြောကြား၍ သင်တန်းတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပေးပြီး သင်တန်းဆင်းလက်မှတ်အား ရန်ကုန် အနောက်ပိုင်းခရိုင် အလုပ်အမှုဆောင် ဒေါ်စန်းစန်းဝင်းက ပေးအပ်ကြောင်း သိရသည်။ **(က-ပ)**

ပါတီသည်နိုင်ငံနှင့်လူမျိုးအကျိုးရှေးရှုဆောင်ရွက်မှုမရှိ ပါတီလုပ်ငန်းများကို ယုံကြည်သက်ဝင်မှုမရှိတော့ မော်လမြိုင်ကျွန်းမြို့နယ် NLD ပါတီဝင် ၃၃ ဦးနုတ်ထွက်

ရန်ကုန် ဩဂုတ် ၁၈

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ထီဆိပ်ဘုရားစုကျေးရွာမှ ရပ်/ကျေး ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်၊ အမှုဆောင်ဦးထွန်းကြွယ်၊ ဦးစိန်အေး၊ ဦးစိန်ဝင်း၊ ဦးမြင့်ဆွေ၊ မဗေကျေးရွာမှ ဒေါ်သန်းသန်းအေးနှင့် ဦးခင်မောင်သိန်း၊ မရဲအုန်းပင်စုကျေးရွာမှ အတွင်းရေးမှူးဦးမြင့်စိုး၊ ဦးခင်မောင်မြင့်၊ ဦးစန်းလွင်၊ သပြေချောင်းကျေးရွာမှ ဦးခင်မောင်စိုး၊ ဦးမျိုးမြင့်၊ ဦးသန်းထွေးတို့ အပါအဝင် ပါတီဝင် ၃၃ ဦးတို့သည် ဇူလိုင် ၂၆ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်လွှာများကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာဒေသ အာဏာပိုင်အဖွဲ့အစည်းများသို့လည်းကောင်း နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

မော်လမြိုင်ကျွန်းမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် NLD ပါတီသည် နိုင်ငံနှင့်လူမျိုးအကျိုး ရှေးရှုဆောင်ရွက်မှုမရှိသဖြင့် NLD ပါတီနှင့် ပါတီလုပ်ငန်းများကို စိတ်ပါဝင်စားမှုမရှိတော့ခြင်း၊ ယုံကြည်သက်ဝင်မှု မရှိတော့ခြင်းတို့ကြောင့် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေ နှစ်ဧကဝယ်ယူရန်အတွက် ဦးစိန်ဝင်း-ဒေါ်ရှုရင် သားသမီး၊ မြေးတစ်စု အမှတ်(၂) ၁၄၅ လမ်း တာမွေ ကျောက်မြောင်း ရန်ကုန်မိသားစုက အလှူတော်ငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့်အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ဓမ္မာစရိယ(B.A) အရှင်ကောသလ္လ (မြန်အောင်)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေ နှစ်ဧကမြေဝယ်ယူရန်အတွက် ဦးလှမောင်-ဒေါ်ဦးတိုးအားရည်စူး၍ ဒေါ်ခင်သီ(တောင်ငူခရိုင်စာရင်းစစ်အရာရှိ) ရန်ကုန်-မန္တလေးလမ်းမကြီး အမှတ် (၈)ရပ်ကွက် တောင်ငူမြို့မိသားစုက အလှူတော်ငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင်ဆရာတော် ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ) ရှေ့မှောက်၌ တာဝန်ခံ ဦးကြည်သောင်း (ဗုဒ္ဓဂယာ သာသနာပြုအဖွဲ့ချုပ်)ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

The Commerce Journal အတွဲ(၆) အမှတ်(၁၅)ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၁၈

The Commerce Journal အတွဲ(၆)၊ အမှတ်(၁၅)ကို ဖြန့်ချိလိုက်ပြီးဖြစ်သည်။ အဆိုပါဂျာနယ်တွင် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အသင်းဖွဲ့စည်း၊ ပို့ကုန်သွင်းကုန် အထောက်အကူပြု မြန်မာနိုင်ငံသားများဘဏ်၊ ဇူလိုင် နယ်စပ်ကုန်သွယ်မှု တိုးတက်၊ ပြည်ပပို့ကုန် မြန်မာ့ပုသိမ်ထီး၊ လိပ်ကျောက်ခွံဈေးကွက်၊ ခေါင်းဆောင်မှုအကြောင်း၊ အရှေ့အလယ်ပိုင်း ပြဿနာကြောင့် ရွှေဈေးတက်၊ ကိပ်တောင်းမှ မဟူရာအလှများ၊ ဂျပန်နိုင်ငံရဲ့ NGVS ကားများ၊ သစ်သီးမှည့်စေသည့် ဓာတုဆေးဝါးသုံးစွဲမှု၊ တရုတ်နိုင်ငံရဲ့ ဝင်ငွေခွန်၊ ကမ္ဘာ့ဝင်ငွေ အကောင်းဆုံးဘောလုံးသမား ၁၀၊ ကမ္ဘာ့ရွှေဈေးကွက် မျှော်မှန်းချက်၊ သရက်သီးဈေးကွက် သုတေသနစာတမ်း၊ ချမ်းသာနည်း၁၀၀၊ ကျန်းမာရေး အထောက်အကူပြု ဂရိတ်ဖရုသီး၊ ကင်ယွန်ဂျူး(ဂွီဒေါက်) အနုပညာဆု ၃၀ ကျော်ရ၊ ၂၀၀၆ ကိုရီးယားမယ်၊ တရုတ်ဇုန် မယ်ကမ္ဘာ၊ စတုရန်းပုံဖရဲသီး အင်္ဂလန်ဈေးကွက်ဝင်စသည့်သတင်းများအပြင် မောင်စူးစမ်း၊ ဒေါက်တာခင်မောင်ညို၊ မောင်တိုင်ပင်၊ အောင်သင်း၊ အောင်စိုး MPM ဟံသာထွန်း၊ ကြည်ရွှန်း၊ မောင်ပုဆိုးကြမ်း တို့၏ သုတရသစုံ ဆောင်းပါးများ၊ပြည်တွင်းပြည်ပ ဈေးကွက်သတင်းများ၊ ဗေဒင်၊ ဟာသ၊ ရုပ်ရှင်သတင်းများဖြင့် ဝေဝေဆာဆာဖော်ပြထားပြီး တစ်ပြည်လုံးသို့ ဖြန့်ချိထားကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်
စည်းရုံးအသိပညာပေး ဟောပြောဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၁၈

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ စီစဉ်ဆောင်ရွက်မှုဖြင့် စည်းရုံးအသိပညာပေး ဟောပြောဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက တပ်ကုန်းမြို့နယ် မကျီးပင်စံပြကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ကျင်းပရာ ဌာနကြီးမှူးများ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး၊ တပ်ကုန်းမြို့နယ်နှင့် မကျီးပင်စံပြကျေးရွာတို့မှ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ စုစုပေါင်းအင်အား ၃၀၀ ခန့် တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အဆိုပါ စည်းရုံးအသိပညာပေး ဟောပြောဆွေးနွေးပွဲတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးက အဖွင့်အမှာစကားနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးအဖွဲ့ခွဲခေါင်းဆောင် ဒေါက်တာဒေါ်ခင်သန်းဦးက HIV/AIDS ရောဂါ တိုက်ဖျက်ရေးနှင့် ကာကွယ်ရန်နည်းလမ်းများကိုလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန နိုင်ငံဖြတ်ကျော်မှုခင်းဌာန လူကုန်ကူးမှုတားဆီးရေး ဗဟိုအဖွဲ့မှ ဒုတိယရဲမှူးဥမ္မာရင်မိက လူမှောင်ခိုကုန်ကူးမှုဆိုင်ရာ အကြောင်းကိုလည်းကောင်း ဟောပြောဆွေးနွေးကြသည်။

ဖြေကြား

ယင်းနောက် တက်ရောက်လာကြသူများအား အမျိုးသမီးရေးရာ စကားဝိုင်းခုနစ်ဝိုင်းခွဲ၍ ဌာနကြီးမှူးများနှင့် လုပ်ငန်းအဖွဲ့ခေါင်းဆောင်များက ပညာပေးဆွေးနွေးချက်များအပေါ် နားလည်သဘောပေါက်မှုကို ဆန်းစစ်ကြပြီး မရှင်းလင်းသည့် မေးမြန်းဆွေးနွေးချက်များကို ရင်းရင်းနှီးနှီး ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

စည်းရုံးအသိပညာပေး ဟောပြောဆွေးနွေးပွဲအပြီးတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က လှူဒါန်းသော အမျိုးသမီးရေးရာဝတ်စုံများ၊ ဂျာနယ်၊ မဂ္ဂဇင်းအစုံ ၅၀၀ နှင့် HIV/AIDS ပညာပေးစာစောင်များကို ပေးအပ်သည်။

ထို့နောက် အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာအစောင် ၁၂၀၀ ကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုးမျိုးကျော်က ပေးအပ်ရာ စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးက လက်ခံသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးထံ အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာများကို တပ်ကုန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုးမျိုးကျော်က ပေးအပ်စဉ်။ (သတင်းစဉ်)

စကားဝိုင်းဖွဲ့ ဆွေးနွေး

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ စီစဉ်ဆောင်ရွက်မှုဖြင့် စည်းရုံးအသိပညာပေး ဟောပြော ဆွေးနွေးပွဲကို တပ်ကုန်းမြို့နယ် မကျီးပင်စံပြကျေးရွာတွင် ကျင်းပရာ အမျိုးသမီးရေးရာ စကားဝိုင်းများဖွဲ့၍ ဆွေးနွေးကြစဉ်။
(သတင်းစဉ်)

တန်ချိန် ၂၇၅၀ ပါ စားအုန်းဆီသင်္ဘောရောက်ရှိ

ရန်ကုန် ဩဂုတ် ၁၈

နိုင်ငံတော် အစီအစဉ်ဖြင့် မလေးရှား၊ အင်ဒိုနီးရှားနှင့် စင်ကာပူနိုင်ငံတို့မှ စားအုန်းဆီများကို တင်သွင်းကာ ပြည်သူလူထုသို့ သက်သာသော ဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချလျက်ရှိရာ ယနေ့မွန်းလွဲ ၂ နာရီတွင် စားအုန်းဆီ တန်ချိန် ၂၇၅၀ ပါ MT. Bergprai သင်္ဘောသည် ရန်ကုန်မြို့ရှိ ထီးတန်းဆိပ်ကမ်းသို့ဆိုက်ကပ်လာရာ တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။

အလားတူ ဩဂုတ် ၂၀ ရက်တွင် စားအုန်းဆီတန်ချိန် ၃၀၅၀ ပါ သင်္ဘောတစ်စင်းနှင့် ဩဂုတ် ၂၃ ရက်တွင် စားအုန်းဆီတန်ချိန် ၂၉၀၀ ပါ သင်္ဘောတစ်စင်း ထပ်မံဆိုက်ကပ်လာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်

၁၉-၈-၂၀၀၆

(စနေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	လိုရာခရီးရောက်သွားနိုင်ဖို့ သုံးဘီးဆိုင်ကယ်စီးကြစို့
၇း၁၅	တေးဂီတအစီအစဉ်
၇း၂၀	ပြည်တွင်းသတင်းအကျဉ်း
၇း၃၀	Language Lab (ကမာရွတ် အမက-၂)
၈း၀၀	မိုးလေဝသခန့်မှန်းချက်
၈း၀၅	တေးဂီတအစီအစဉ်
၈း၃၀	Music Talk (ဝင်းဦး) အပိုင်း(၂)
၉း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၁၀	တေးဂီတအစီအစဉ်
၉း၁၅	မြစိမ်းရောင်ဘက်စုံ စိုက်ပျိုး မွေးမြူရေးစခန်း (ပျားလိမ္မော်စိုက်ပျိုးရေး)
၉း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀	တေးဂီတအစီအစဉ်
၉း၃၅	နိုင်ငံတကာအနုပညာရေးရာ
၉း၅၅	အသည်းရောင်အသားဝါ ‘စီ’ ရောဂါပိုးကိုကုသနိုင်သော နည်းလမ်းများ(အပိုင်း-၂) (ဒေါက်တာခင်မောင်ဝင်း)
၁၀း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၃၀	မိသားစုတနင်္ဂနွေ (တိရစ္ဆာန်ဥယျာဉ်)
၁၁း၀၅	တေးဂီတအစီအစဉ်
၁၁း၁၀	စိတ်ဝင်စားစရာ မြန်မာ့ပုလဲရတနာ (အပိုင်း-၂)
၁၁း၂၅	ထူးခြားဆန်းကြယ်သော တောအုပ်ကလေး
၁၁း၄၅	တေးဂီတအစီအစဉ်
၁၁း၅၀	ယနေ့သိပ္ပံနှင့်နည်းပညာ
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၅း၃၀	ပွဲကြိုသုံးသပ်ချက်	5-Sports
၆း၁၀	Sheffield United-Liverpool	5-Sports(Live)
၈း၂၅	Arsenal-Aston Villa	5-Sports(Live)
	Everton-Watford	5-Sports(Live)
	Newcastle-Wigan	5-Sports(Live)
၁၀း၄၀	Bolton-Tottenham	5-Sports(Live)
၁၁း၀၀	West Ham-Charlton	5-Sports(Live)

စားအုန်းဆီတန်ချိန် ၂၇၅၀ပါ MT. Bergprai သင်္ဘော ရန်ကုန်မြို့ ထီးတန်းဆိပ်ကမ်းသို့ ဆိုက်ကပ်လာစဉ်။ (သတင်းစဉ်)

တနင်္သာရီတိုင်းရှိ နေရာဒေသအချို့၌ ရေကြီးရေလျှံမိုးမှုများ ဖြစ်ပေါ်ခဲ့

ရန်ကုန် ဩဂုတ် ၁၈

တနင်္သာရီတိုင်း၌ ဩဂုတ် ၁၆ ရက်တွင် မိုးအဆက်မပြတ် သည်းထန်စွာရွာသွန်းမှုကြောင့် နေရာဒေသအချို့၌ ရေကြီးရေလျှံမိုးမှုများ ဖြစ်ပေါ်ခဲ့သည်။

အဆက်မပြတ်ရွာသွန်း

ထိုသို့ မိုးအဆက်မပြတ် သည်းထန်စွာရွာသွန်းမှုကြောင့် မြိတ်မြို့ ကျွဲကူးတံတားအနီးရှိ လမ်းပိုင်းအချို့နေရာတွင် ချို့ယွင်းပျက်စီးမှုများ ရှိခဲ့ကြောင်း သိရသည်။

တနင်္သာရီမြစ်ရေသည် သာမန်ရေမျက်နှာပြင် အထက် ပေ ၃၀ ၅ လက်မသို့ ရောက်ရှိနေသဖြင့် တနင်္သာရီမြို့ ချောင်းကြီးရပ်ကွက်နှင့် ချောင်းငယ်ရပ်ကွက်တို့၌ ရေကြီး နစ်မြုပ်မှုများဖြစ်ပွားခဲ့ရာ အိမ်ထောင်စုဝင်အချို့အား ရွှေ့ပြောင်းနေရာချထားပေးကြောင်းနှင့် တနင်္သာရီမြို့နယ်ရှိ အခြေခံပညာကျောင်းအချို့ကိုလည်း ခေတ္တပိတ်ထားပေးကြောင်း သိရသည်။

နေရာချထားပေး

လေညာမြစ်ရေကြောင့်လည်း လေညာကျေးရွာနှင့် မဏ္ဍိုင်ကျေးရွာတို့၌ ရေကြီးမှုများဖြစ်ပေါ်ခဲ့သဖြင့် အိမ်ထောင်စုဝင်အချို့အား ရေလွတ်ရာသို့ ရွှေ့ပြောင်းနေရာချထားပေးခဲ့သည်။

အဆိုပါ ရေကြီးနစ်မြုပ်မှုကြောင့် လူ၊ တိရစ္ဆာန်များ အသေအပျောက်မရှိကြောင်းနှင့် တာဝန်ရှိသူများက လုံခြုံရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တရားတော်အသံလွှင့်ဟောကြားမည်

ရန်ကုန် ဩဂုတ် ၁၈

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် ရန်ကုန်တိုင်း ခရမ်းမြို့ ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော်အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဇောတိကက **“ဗကဗြဟ္မာ၏ ရှေးကပြုဖူး ကုသိုလ်ထူးတရားတော်”** ကို ဩဂုတ် ၂၂ ရက် နံနက် ၇ နာရီတွင် မြန်မာ့အသံ မြန်မာပိုင်းအစီအစဉ်မှ နိဗ္ဗာန်ရောက်ကြောင်း တရားတော် အသံလွှင့် ဟောကြားမည် ဖြစ်သည်။ **(သတင်းစဉ်)**

ပရီမီယာလိဂ်ရာသီဘောလုံးပွဲစဉ်များ ယနေ့ စတင်ပြီ ရာသီအစအဖွင့်၌ အောင်ပွဲရမည့်အသင်းများကို မြင်တွေ့ရမည်

ကမ္ဘာတစ်လွှား အားကစား

စုစည်းတင်ပြသူ – မောင်မောင်မြင့်ဆွေ

၂၀၀၆–၂၀၀၇ ခုနှစ် ပရီမီယာလိဂ် ဘောလုံးရာသီပွဲစဉ်များကို ဩဂုတ် ၁၉ ရက် (ယနေ့)တွင် စတင်ကစားတော့မည်ဖြစ်သည်။ ပြင်ဆင်ပြောင်းလဲမှုများနှင့် လှုပ်လှုပ်ရှားရှားဖြစ်နေခဲ့သော ပရီမီယာလိဂ် အသင်းများလည်း ရာသီအစအဖွင့်ပွဲစဉ်များ၌ အောင်ပွဲများ ရရှိရေးအတွက် အစွမ်းကုန် ကစားကြတော့မည်ဖြစ်ရာ ယနေ့ကစားမည့် အသင်းအချို့၏ အနေအထားကို ဖော်ပြလိုက်သည်။

အာဆင်နယ်နှင့် အက်စတွန်ဗီလာ

အာဆင်နယ်၌ ဆိုးလ်ကင်းဘဲလ်နှင့် ပီရက်စ်တို့ ထွက်သွားသော်လည်း တောင့်တင်းခိုင်မာဆဲဖြစ်သည်။ ရှေ့တန်း၌ အွန်နရီဦးဆောင်သည့် တိုက်စစ်သည် ယခုနှစ် ပရီမီယာလိဂ်တွင်လည်း ခြိမ်းခြောက်ထားနိုင်ဦးမည့် အနေအထားရှိနေဆဲပင် ဖြစ်သည်။ ဒေါ့မွန်အသင်းမှ ပေါင် ၆ ဒသမ ၈ သန်းနှင့်ရောက်လာသော ရိုဆစ်စကီးကို ထည့်သုံးမည်ဖြစ်ရာ အတွဲညီညီ ကစားနိုင်ပါက အက်စတွန်ဗီလာကို ဂိုးပြတ် အနိုင်ရနိုင်သည်။ အက်စတွန်ဗီလာက ယခုနှစ်၌ စိန့်ဂါလန်းကလပ်မှ ဒါမီယန်ဘဲလွန်နှင့် ယာဂိုဘဲလွန်တို့ကို ခေါ်ယူထားသော်လည်း အာဆင်နယ်ကို ရာသီအဖွင့်ပွဲစဉ်၌ သရေပွဲဖြစ်ရန်ပင် မလွယ်ပါချေ။

ချယ်လ်ဆီးအသင်းခေါင်းဆောင် ဂျွန်တယ်ရီ။

ချယ်လ်ဆီးနှင့်မန်စီးတီး

ဩဂုတ် ၂၀ ရက်တွင် ကစားမည့် ချယ်လ်ဆီးနှင့် မန်စီးတီးတို့ အကြိတ်အနယ် နွဲရဖွယ်ရှိသည်။ ရာသီအကြိုခြေစမ်းပွဲနှင့် ကွန်မြူနတီဒိုင်းပွဲများ၌ ရလဒ်မကောင်းခဲ့သည့် ချယ်လ်ဆီးတို့ ရာသီအဖွင့်ပွဲစဉ်၌ မန်စီးတီးနှင့် ဆုံခြင်းမှာ အခက်အခဲ တစ်ရပ်ပင်ဖြစ်သည်။ ရှက်ဗ်ချင်ကို၊ ဘောလက်၊ ဂျွန်အိုဘီမီခေးလ်၊ ကာလူးနှင့် ဟီလာရီယိုတို့ကို အားဖြည့်ထားသဖြင့် တောင့်တင်းခိုင်မာလွန်းသည့်အသင်းအဖြစ် ချယ်လ်ဆီးတို့ ရပ်တည်နေနိုင်သည်။ ချယ်လ်ဆီးတို့ နားလည်မှုရှိရှိ အတွဲညီညီကစားနိုင်လျှင် နိုင်ပွဲရမည်ဖြစ်သည်။ သို့သော် ပရီမီယာလိဂ်၌ ချယ်လ်ဆီးတို့ကစားရ အခက်ခဲဆုံးမှာ မန်စီးတီးဖြစ်သည်ဟု မော်ရင်ဟိုယခင်နှစ်က နှုတ်ထွက်ပြောကြားခဲ့ဖူးရာ ယခုအဖွင့်ပွဲစဉ်တွင် မည်သို့ အဖြေထွက်မည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

မန်ယူနှင့်ဖူလ်ဟမ်

ယခုနှစ်၌ ထူးထူးခြားခြား မိုက်ကယ်ကာရစ် တစ်ဦးတည်းကိုပင် ပေါင် ၁၈ သန်းကျော်ပေးပြီး ဝယ်ယူထားသည့် မန်ယူတို့၏ ယခုနှစ်ရာသီ ဖြတ်သန်းမှုမှာ ရဲဝံ့လွန်းလှသည်။ မန်ယူ၏ အမာခံဘောလုံးသမားများဖြစ်သော နစ္စတယ်ရွိုင်း၊ တင်ဟောင်းဝပ်၊ ကွင်တန်ဖော်ကျူးတို့ ထွက်သွားသော်လည်း ရှိသည့်လူအင်အားနှင့် ပရီမီယာလိဂ်ကို ဖြတ်သန်းရန် မန်ယူကြိုးစားမှုမှာ ပွဲအစ ဖူလ်ဟမ်နှင့် ဆုံလိုက်ရခြင်းကပင် ပွဲကျပ်တစ်ခုဖြစ်နေသည်။

လောလောဆယ်၌ ရွန်နေနှင့် စီရိုနယ်ဒိုတို့ကလည်း တွဲကစားရန် အသားတကျမဖြစ်သေးသည့် အနေအထားရှိနေသည်။ အလယ်တန်းလူ မိုက်ကယ်ကာရစ် ဒဏ်ရာရရှိနေသည်။ ဖူလ်ဟမ်တို့က ဂျင်မီဘူလာလာ့ဒ်နှင့် ကွီဒရူးတို့ကို ဝယ်ယူ အားဖြည့်ထားသဖြင့် ရာသီအစမှာပင် မန်ယူတို့ ဖူလ်ဟမ်ကို ခက်ခဲစွာဖြတ်ကျော်ရဖွယ် အနေအထားရှိသည်။

ရက်ဖီးယူနိုက်တက်နှင့် လီဗာပူး

ရာသီအကြို ကွန်မြူနတီဒိုင်းပြိုင်ပွဲ၌ ချယ်လ်ဆီးကို အနိုင်ယူခဲ့သည့် လီဗာပူးတို့ကစားဟန်မှာ ယခုနှစ်၌ အောင်မြင်မှုကို ရယူနိုင်မည့်အလားရှိနေသည်။ ယခုနှစ်တွင် လီဗာပူးတို့က ဘယ်လာမီ၊ ပင်းနန့်၊ ဖာဘီယိုအောရဲလီယိုတို့ကို အားဖြည့်ဝယ်ယူထားရာ တောင့်တင်းနေသည်။ ဂါစီယာ၊ ဂျရတ်၊ ခရော့ချ်နှင့် ဘယ်လာမီတို့က လီဗာပူးကို ထိပ်တန်းရောက်အောင် ပို့ဆောင်နိုင်စွမ်းရှိကြသူများဖြစ်ရာ ရက်ဖီးယူနိုက်တက်ကို အနိုင်ယူမည့် အခြေအနေရှိသည်။ တန်းတက် လူသစ် ရက်ဖီးယူနိုက်တက်တို့ အဖွင့်ပွဲစဉ်၌ လီဗာပူးကို သရေရဖို့ပင် မလွယ်ချေ။

မန်ယူတိုက်စစ်မှူး ရွန်နေ။

ဘော်လ်တန်နှင့် စပါး

ဘော်လ်တန်ကလပ်က ယခုနှစ်တွင် မန်ယူမှ ဖော်ကျွန်း၊ လီဗာပူးမှ ဟားမန်းနှင့် မာဆေးကလပ်မှ အဗ္ဗဒူလာရီမေတီတို့ကို အားဖြည့်ထားရာ အခြေအနေကောင်းနေသည်။ ဘော်လ်တန်အသင်းက လက်ရှိအင်အားနှင့် စပါးကို ခြေရည်တူကစားနိုင်သည်။ ကျလူများဖြင့် အားဖြည့်ထားသော်လည်း ခြေစွမ်းကောင်းနေသေးသော ဘောလုံးသမားရှိနေသဖြင့် ဘော်လ်တန်တို့ အိမ်ကွင်း၌ အသာစီးရဖွယ်ရှိသည်။

လီဗာပူးအသင်းခေါင်းဆောင် စတီဗင်ဂျရတ်။

စပါးတို့က ယခုနှစ်၌ ဘာဘာတော့ဗ်၊ ဇိုကိုရာတို့ကို ဝယ်ယူအားဖြည့်ထားသဖြင့် ကစားအား ကောင်းမည်ဖြစ်သည်။ မိုက်ကယ်ကာရစ် မန်ယူသို့ ပြောင်းရွှေ့သွားသော်လည်း စပါးတို့ တောင့်တင်းဆဲဖြစ်ရာ ယနေ့ပွဲ စပါးတို့အနိုင်ရဖွယ် ရှိသည်။

နယူးကာဆယ်နှင့် ဝီဂန်

နယူးကာဆယ်တို့ လူအင်အား ထပ်ဖြည့်မှုမှာ ချယ်လ်ဆီးမှ ဒါမီယန်ဒပ်ဖ် ကို ပေါင်ငါးသန်းဖြင့် ခေါ်ယူလိုက် နိုင်ခြင်းဖြစ်သည်။ နယူးကာဆယ်၌ အိုဝင်လည်း ကစားရန် မရေရာလျက်ရှိရာ ဝီဂန်ကို ခက်ခက်ခဲခဲ ရင်ဆိုင်ရဖွယ် ရှိနေသည်။

ဝီဂန်တို့က ယခုနှစ်၌ ဟက်စကီး၊ အီမာဆင်ဒွိုက်စ် (ခရစ္စတယ်ပဲလေ့စ်)၊ ဒန်နီဂန်းဇက်(အယ်လ်ခမာ) တို့ကို အားဖြည့်ထားရာ မထင်မှတ်သော ခြေစွမ်းများ ပြတတ်သည့် ဝီဂန်ကို နယူးကာဆယ်တို့ ပေါ့ပေါ့ဆဆ ကစား၍မရချေ။ သို့သော် နယူးကာဆယ်တို့က အိမ်ကွင်း၌ လက်ခံကစားရမည်ဖြစ်ရာ အားသာချက်ရှိနေသည်။ နယူးကာဆယ်နှင့် ဝီဂန်တို့ ခြေရည်တူလျက်ရှိရာ ရာသီအဖွင့်ပွဲစဉ်၌ မည်သည့်အသင်းများ အောင်ပွဲရမည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။ ။ **(အင်တာနက်)**

လီဗာပူး ရှေ့တန်းတိုက်စစ်အတွက် ဟော်လန်တိုက်စစ်မှူးကို ခေါ်ယူအားဖြည့်

လန်ဒန် ဩဂုတ် ၁၈

ကွန်မြူနတီဒိုင်းချန်ပီယံ လီဗာပူးအသင်းက ဖေယန်နူးအသင်းမှ တိုက်စစ်မှူး ဒတ်ကွတ်အား စာချုပ်ခေါ်ယူလိုက်ပြီးဖြစ်ကြောင်း သိရသည်။

အသက် ၂၆ နှစ်ရှိ အဆိုပါတိုက်စစ်မှူးအား ဩဂုတ် ၁၇ ရက်က ဆေးစစ်ဆေးခြင်းခံယူပြီးနောက် ပေါင် ၁၀ သန်းဖြင့် လီဗာပူးက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အဆိုပါတိုက်စစ်မှူးအား လီဗာပူးက စာချုပ်ခေါ်ယူနိုင်ခြင်းအတွက် ဝမ်းသာ ဂုဏ်ယူမိကြောင်း၊ ၎င်းသည် ကစားသမားကောင်းတစ်ဦးဖြစ်ကြောင်း နည်းပြ ဘင်နီတက်ဇ်က ပြောကြားသည်။

ချီးကျူး

၎င်းသည် လိမ္မာပါးနပ်စွာကစားနိုင်သည့် ကစားသမားဖြစ်ကြောင်း၊ ဘောလုံးမပါသည်ဖြစ်စေ၊ ပါသည်ဖြစ်စေ ကစားကွက်အနေအထားကို ကြိုတင်အမြင်ရှိသူဖြစ်ကြောင်းဖြင့်လည်း ဘင်နီတက်ဇ်က ချီးကျူးစကား ဆိုထားသည်။ အဆိုပါတိုက်စစ်မှူးသည် ဟော်လန်လက်ရွေးစင်တိုက်စစ်မှူးဖြစ်ပြီး တော့တင်ဟမ်သို့လည်း ဆက်သွယ်ခဲ့သူဖြစ်သည်။ သို့ရာတွင် လီဗာပူးက အမိအရ ခေါ်ယူခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

လီဗာပူး ရှေ့တန်းအတွက် ဘင်နီတက်ဇ် အားဖြည့်လိုက်သည့် ဖေယန်နူး တိုက်စစ်မှူး ဒက်ကွတ်။ (ဓာတ်ပုံ–အင်တာနက်)

ရေးသားတင်ပြသူ – မြင့်မောင်စိုး



အာဆင်နယ်၏ ပွဲဦးထွက် အဖွင့်ပွဲ ကစားမည့် အက်ရှ်လေကိုး။

(ဓာတ်ပုံ– အင်တာနက်)

ပရီမီယာလိဂ်ပွဲဦးထွက် အက်ရှ်လေကိုး အာဆင်နယ်၌ကစားမည်

လန်ဒန် ဩဂုတ် ၁၈

အာဆင်နယ် နောက်တန်းကစားသမား အက်ရှ်လေကိုးသည် ယခုသီတင်းပတ်ကုန်ပိုင်းတွင် အက်စ်တွန်ဗီလာအသင်းနှင့် ကစားမည့်ပွဲ၌ ပါဝင်ကစားလိမ့်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အာဆင်နယ် မန်နေဂျာ အာစင်ဝင်းဂါးက ပြိုင်ဘက် ချယ်လ်ဆီးအသင်းသို့ ပေါင်သန်း ၂၀ ဖြင့် ပြောင်းရွှေ့ရန် အရိပ်အမြွက်အဖြစ် ပြောကြားထားခဲ့သည်။ သို့သော်လည်း ယခုသီတင်းပတ်ကုန်ပိုင်းတွင် အက်စ်တွန်ဗီလာနှင့် ကစားမည့်ပွဲတွင် ပါဝင်ကစားလိမ့်မည်ဖြစ်ကြောင်း အက်ရှ်လေကိုးက ၎င်းကိုယ်တိုင် ထုတ်ဖော်ပြောကြားလိုက်သည်။

ယခုကဲ့သို့ အာဆင်နယ်တွင် ကစားပြလိုက်ခြင်းသည် အာဆင်နယ်ပရိသတ်၊ အာဆင်နယ်မန်နေဂျာတို့နှင့် မိမိ ပြဿနာတစ်စုံတစ်ရာမရှိကြောင်းကိုလည်း ပြသခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။ **(အင်တာနက်)**

နာမည်ကြီးတိုက်စစ်မှူး ကနူးအား ပို့စ်မောက်မှ တစ်နှစ်စာချုပ်ဖြင့်ခေါ်ယူခဲ့

လန်ဒန် ဩဂုတ် ၁၈

ပရီမီယာလိဂ်အသင်းတစ်သင်းဖြစ်သော ပို့စ်မောက်အသင်းက နိုင်ဂျီးရီးယားတိုက်စစ်မှူး ကနူးအား စာချုပ်ခေါ်ယူလိုက်ပြီဖြစ်သည်။

အသက် ၃၀ နှစ်ရှိ အဆိုပါ တိုက်စစ်မှူးသည် ပြီးခဲ့သော ဘောလုံးရာသီက ဝက်စ်ဘရွန်းအသင်းနှင့် စာချုပ်ကုန်ဆုံးစေခဲ့သည်။ ၎င်းသည် ပို့စ်မောက်အသင်းနှင့်တစ်နှစ်စာချုပ်ရန် သဘောတူညီခဲ့ခြင်းဖြစ်သည်။

ပို့စ်မောက်ရှေ့တန်းသို့ ရောက်လာသည့် နိုင်ဂျီးရီးယား တိုက်စစ်မှူး ကနူး။ (ဓာတ်ပုံ–အင်တာနက်)

ကနူးသည် ပို့စ်မောက်အသင်း မန်နေဂျာ ဟာရီရက်နက်၏ လက်ထက် ပဉ္စမမြောက် စာချုပ်ခေါ်ယူခဲ့သော ကစားသမားဖြစ်သည်။

အာဆင်နယ်နှင့် အေဂျက်ဇ်တိုက်စစ်မှူးဟောင်း ကနူးသည် ဟမ်းဘတ်အသင်းက စိတ်ဝင်စားနေသူလည်းဖြစ်သည်။ သို့ရာတွင် ပရီမီယာလိဂ်အသင်း ပို့စ်မောက်က လက်မနှေးစတမ်း ခေါ်ယူလိုက်သည်။

နိုင်ဂျီးရီးယား တိုက်စစ်မှူးသည် ၁၉၉၉ ခုနှစ်က အင်တာမီလန်မှ အာဆင်နယ်သို့ ပေါင် ၄ ဒသမ ၅ သန်းဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။ **(အင်တာနက်)**

အမည်ပြောင်း

အဖ ဦးငြိမ်းဟန်၏ သမီးဖြစ်သူ Grade 11(A)အထက-၁၊ ပုသိမ်ခရိုင်၊ ကျောင်းကုန်းမြို့မှ မအိရွှေစင်အား မမြသင်းကြူဟု ယနေ့မှစ၍ ပြောင်းလဲခေါ်ပါရန်။ **မမြသင်းကြူ။**

ရှာရန်ရာနှုန်း ၆၀

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ဖြစ်သည်။

မိုးတစ်ကြိမ်နှစ်ကြိမ်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ရွာမည်။ ရွာရန် ရာနှုန်း ၈၀ဖြစ်သည်။

ရန်ကုန်မြောက်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ကြီးကြပ်ရေးအဖွဲ့ စီမံမှုအောက်ရှိ အမှတ်(၁၃၀)ယာဉ်လိုင်း ယာဉ်ပိုင်ရှင်များ နှစ်ပတ်လည်စုံညီ အစည်းအဝေးကို ဩဂုတ် ၁၂ရက်က ထောက်ကြန့်မြို့ အသင်းရုံး၌ကျင်းပရာ မင်္ဂလာဒုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ရီ အဖွင့် အမှာစကားပြောကြားစဉ်။

(က-ပ)

ဩဂုတ်တတိယ ၁၀ရက်ပတ်မိုးလေဝသခန့်မှန်းချက်

ရန်ကုန် ဩဂုတ် ၁၈

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် မုတ်သုံလေအားကောင်းနိုင်သည်။

မိုးအခြေအနေ

ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ရွာသွန်းမြဲထက်ပိုပြီး ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့၌ ရွာသွန်းမြဲခန့်ရွာကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ရွာသွန်းမြဲအောက်ရွာနိုင်သည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် စင်တီမီတာ ၁၈၀ (ခြောက်ပေခန့်)၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် စင်တီမီတာ ၁၂၀ (လေးပေခန့်)နှင့် ညောင်ဦးမြို့၊ ချောက်မြို့၊မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဟင်္သာတမြို့တို့တွင် စင်တီမီတာ ၉၀(သုံးပေခန့်)လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် စင်တီမီတာ ၂၇၀ (ကိုးပေခန့်)နှင့် မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် စင်တီမီတာ ၂၁၀ (ခုနစ်ပေခန့်) လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်ဟု သိရသည်။ **(မြန်မာ့အလင်း)**

မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးတက္ကသိုလ်တို့၏ ပါမောက္ခချုပ်(အငြိမ်းစား) မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာကောင်စီဥက္ကဋ္ဌနှင့်ရေဆင်းမွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်အကြံပေးအရာရှိ ဒေါက်တာမြညွန့်က (၇၅)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင်ကျပ်တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။

(က-ပ)

အမက(၁)ဗဟန်း ကျောင်းကျန်းမာရေးဆောင်ရွက်

ရန်ကုန် ဩဂုတ် ၁၈

ဩဂုတ် ၁၄ရက်မှ ၁၉ရက်အထိ ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု အစီအစဉ်အရ ဩဂုတ် ၁၇ရက်က ဗဟန်း အမက(၁)တွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြူဖြူဝင်းနှင့် ဆရာမများ ဦးဆောင်၍ ကျောင်းသား ကျောင်းသူများက ကျောင်းကျန်းမာရေးနှင့် ပတ်သက်သော လှုပ်ရှားမှု လုပ်ငန်းများကို လက်တွေ့ဆောင်ရွက် သရုပ်ပြမှုများ လုပ်ဆောင်ခဲ့သည်။ **(ဝဲပုံ)**

အခမ်းအနားသို့ ဗဟန်းမြို့နယ် ပညာရေးမှူး ဒေါ်ကြူကြူရွှေနှင့် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျောင်းအကျိုးဆောင် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့်ကျောင်းသားမိဘများတက်ရောက်ကြသည်။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ အစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၁၈

မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့၏ ၂၀၀၆ခုနှစ် နှစ်ဝက်စုံညီအစည်းအဝေးကို ယနေ့နံနက်၉နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ် (ရန်ကုန်) အစည်းအဝေး ခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ကိုယ်စား ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းမြင့် တက်ရောက်၍ မိန့်ခွန်းဖတ်ကြားသည်။

(အပေါ်ပုံ)

အစီအစဉ်အရ မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့ ၂၀၀၆ခုနှစ် နှစ်ဝက်စုံညီ အစည်းအဝေးကိုကျင်းပရာ သဘာပတိအဖြစ် ပါမောက္ခ ဒေါက်တာအောင်သန်းဘတူက ဆောင်ရွက်ပြီး အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့ အစီရင်ခံစာကို ဥက္ကဋ္ဌ ဒေါက်တာကိုကို၊ ဒုတိယဥက္ကဋ္ဌ(၁) ဒေါက်တာကိုလေးနှင့် ဒုတိယဥက္ကဋ္ဌ (၂) ပါမောက္ခ ဒေါက်တာသာလှရွှေတို့ကဖတ်ကြားတင်ပြကြပြီး အဖွဲ့ဝင်များက အမှုဆောင်အဖွဲ့ အစီရင်ခံစာအပေါ် မေးမြန်းဆွေးနွေးကြရာ အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ပါမောက္ခ ဒေါက်တာမောင်မောင်ဝင့်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် Academic Consultation on Conquest of Scourges-Post Elimination/ Eradication Strategies for Sustenance of Activities ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ သဘာပတိက အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာကိုကိုက Principles of Sustenance of Activities after Elimination / Eradication ခေါင်းစဉ်နှင့် Eradication of Small pox ခေါင်းစဉ်များဖြင့်လည်းကောင်း၊ ဒေါက်တာကျော်လွင်က Leprosy Control Strategy Beyond 2003 ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေါက်တာထွန်းအောင်ကျော်က Sustenance of Trachoma Control Activities ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေါက်တာလှကြည်က Iodine Deficiency Disorder & Sustenance of Activities ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေါက်တာစိုးလွင်ငြိမ်း ကိုယ်စား ဒေါက်တာသန်းထိန်ဝင်းက Polio- Eradication- Global, Regional & Myanmar Perspective ခေါင်းစဉ်ဖြင့်လည်းကောင်း တင်ပြကြရာ တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ကယားပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ချိုချိုသန်း ဩဂုတ် ၁၂ ရက်က လွိုင်ကော်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းနှင့် လူငယ်သင်တန်းကျောင်းများမှ သင်တန်းနည်းပြများနှင့် သင်တန်းသူများအား ဝတ်စုံ ၁၈၁ စုံ ထောက်ပံ့ငွေ ကျပ် ငါးသောင်းနှင့် ၂၀၀၅-၂၀၀၆ ခုနှစ် အခြေခံပညာအထက်တန်းတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသူများအား ထောက်ပံ့ငွေများပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

ခြံစည်းရိုးကြက်ဆူပင်နှင့် ကော်ဖီပင်များစိုက်ပျိုးဖြစ်ထွန်း ကျောက်ခုံတံတားသစ် ရေတိုက်စားမှုလျော့ပါးစေရေးမြောင်းတူးဖော်

လင်းခေး ဩဂုတ် ၁၀

လင်းခေးခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး အောင်မောင်းသည် အဖွဲ့ဝင် (၁)ခရိုင်ရဲမှူးရှိန်ဝင်းနှင့် ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်စိုးဝင်းတို့လိုက်ပါလျက် ဇူလိုင် ၃၀ ရက် နံနက် ၇နာရီက မောက်မယ်မြို့နယ် ဆီဆုံရွာသို့သွားရောက်ခဲ့ကြပြီး လမ်းတစ်လျှောက်ရှိ ခြံစည်းရိုးကြက်ဆူစံပြဧကများနှင့် မောက်မယ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စံပြစိုက်ခင်းငါးဧကကွက်ရှိ ကော်ဖီပင်များစိုက်ပျိုးဖြစ်ထွန်း အောင်မြင်နေမှုများကို ကြည့်ရှုကြသည်။

ဆက်လက်၍ ခရိုင်ဥက္ကဋ္ဌနှင့် အဖွဲ့သည် ၎င်းကျေးရွာသွားလမ်းပေါ်တွင်တည်ရှိသော သဲချောင်းတံတား တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

တံတားသစ်

ထို့နောက် ခရိုင်ဥက္ကဋ္ဌဒုတိယ ဗိုလ်မှူးကြီးအောင်မောင်းနှင့်အဖွဲ့သည် မောက်မယ်မြို့ရှိ နမ့်ယွန်းချောင်းအား ဖြတ်ကျော်၍ နိုင်ငံတော်က အကုန်အကျခံ တည်ဆောက်ပြီးစီးသွားသော ကုန်းလမ်းရှာ ကျောက်ခုံတံတားသစ် ပြီးစီးမှု အခြေအနေများ ကြည့်ရှုစစ်ဆေးပြီး ၎င်း ချောင်းအတွင်း တံတား ရေတိုက်စားမှု လျော့ပါးစေရန် ရေစီးမြောင်းတူးဖော် ထားရှိမှုအခြေအနေနှင့် တံတားခိုင်ခံ့သပ်ရပ်လှပမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းတံတား အထူး(၉)မှ လက်ထောက်အင်ဂျင်နီယာ (မြို့ပြ) ဦးဆလိုင်းဘို အုတ်ကတံတားအခြေအနေကိုရှင်းလင်းတင်ပြသည်။

ဆက်ကပ်

လင်းခေးခရိုင်ဥက္ကဋ္ဌနှင့် အဖွဲ့သည် နံနက် ၁၀ နာရီခွဲက မောက်မယ်မြို့မှ လင်းခေးမြို့နယ် ဝမ်ဟတ်ကျေးရွာအုပ်စု၊နားကုန်းကျေးရွာအုပ်စုနှင့် ဝမ်စလောင်ကျေးရွာအုပ်စုများသို့ ဆက်လက်ထွက်ခွာခဲ့ရာ ရှေးဦးစွာ ဝမ်ဟတ်ကျေးရွာရှိ မကျိုင်းမွန်း ပရဟိတ မိဘမဲ့ကလေးများကျောင်းသို့ ရောက်ရှိပြီး ဆရာတော် ဦးဘုမ္မာသာရထံတွင် အဆိုပါကျောင်း၌ တည်ဆောက်လျက်ရှိသည့်အင်းဆံ(နီးဘုရား) ဓမ္မာရုံအတွက် အလှူငွေကျပ်နှစ်သောင်းကို ဆက်ကပ်လှူဒါန်းသည်။

စိုက်ခင်းများ

ထိုမှတစ်ဆင့် ခရိုင်ဥက္ကဋ္ဌနှင့် အဖွဲ့သည် အဆိုပါကျေးရွာအုပ်စုများ၏ ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်ပြီး နားကုန်းအုပ်စု မိုးစပါးစိုက်ပျိုးရန်အတွက် ပျိုးခင်းနှင့် လယ် မြေဧက ၁၀၀ ပြင်ဆင်ထားရှိမှုနှင့်လင်းခေးမြို့နယ်ဝမ်ဟတ်နားကုန်း၊ ဝမ်စလောင်းကျေးရွာ အုပ်စုများတွင် ကြက်ဆူစေ့(နှမ်းသီး)များ စုဆောင်းရရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(ခရိုင် ပြန်/ဆက်)**

ဘားအံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်သားသမီးများ ပညာသင်ထောက်ပံ့ကြေး ပေးအပ်

ဘားအံ ဩဂုတ် ၃

ဘားအံမြို့နယ်စစ်မှုထမ်းဟောင်း ၂၀၀၅-၂၀၀၆ပညာသင်နှစ်အတွက် အဖွဲ့ဝင်သားသမီးများ ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၂၈ ရက် မွန်းလွဲပိုင်းက စစ်မှုထမ်းဟောင်းအဖွဲ့ ရုံးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ကရင်ပြည်နယ်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မော်မော်က အမှာစကားပြောကြားပြီး ပညာသင်ထောက်ပံ့ကြေးငွေပေးအပ်ပွဲကိုကျင်းပရာ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် သားသမီးများမှ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသား ၃၈၉ ဦးတို့အတွက် ကရင်ပြည်နယ်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့က ငွေကျပ် ၂၀၀၀၀၀၊ ဘားအံမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့က ငွေကျပ် ၁၅၇၅၀၀၀ စုစုပေါင်းငွေကျပ် ၁၇၇၅၀၀၀ကို ဘားအံမြို့နယ် စစ်မှုထမ်းဟောင်း အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီး သက်ဦးရှိန်(ငြိမ်း)**(အောက်ပုံ)**နှင့် ဒုတိယဥက္ကဋ္ဌဗိုလ်ကြီး သီဟ (ငြိမ်း)တို့က ပေးအပ်ချီးမြှင့်ရာ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ကျောင်းသားမိဘများက လက်ခံယူကြသည်။ **(မြို့နယ်စစ်မှုထမ်းဟောင်း)**

မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးဝန်ထမ်းများ အခြေခံကွန်ပျူတာပညာသင်တန်း အမှတ်စဉ်(၁/၂၀၀၆) သင်တန်း ဆင်းပွဲအခမ်းအနားကို ဩဂုတ် ၆ ရက်က ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ သင်တန်းဆင်းပွဲအပြီး ညွှန်ကြားရေးမှူးနှင့် မော်လမြိုင်ကွန်ပျူတာကောလိပ်မှ နည်းပြဆရာများ၊ တာဝန်ရှိသူများက သင်တန်းသားများ၏ လက်တွေ့ကွန်ပျူတာလုပ်ဆောင်မှုကို ကြည့်ရှုစစ်ဆေးကြစဉ်။ (ပြည်နယ်စည်ပင်)

ဇီးကုန်းမြို့ လေးမျက်နှာကျေးရွာ အထက မိဘဆရာအသင်း နှစ်ပတ်လည်စည်းဝေး

ဇီးကုန်း ဩဂုတ် ၆

ပဲခူးတိုင်း(အနောက်ပိုင်း)ဇီးကုန်းမြို့ လေးမျက်နှာကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးကို ဩဂုတ် ၃ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ရွေးချယ်တင်မြှောက်

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးမြင့်ဟန်က အဖွင့်အမှာစကားပြောကြားပြီး မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ အသစ်ပြန်လည် ရွေးချယ်တင်မြှောက်ကြသည်။

ပြောကြား

အခမ်းအနားတွင် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းအောင်၊ မိဘဆရာအသင်းဒုတိယဥက္ကဋ္ဌ ဦးနေဝင်းနှင့် ကျောင်းသားမိဘ၊ ရဲတပ်ဖွဲ့စခန်းမှူး ဦးအောင်မြင့်နိုင်တို့က ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရန် အကြံပြုစကားပြောကြားကြောင်း သိရသည်။ **(ပညာရေး)**

မိတ္ထီလာမြို့တွင် ရေလုံလောက်စွာ ဖြန့်ဝေပေးနိုင်ရေးအတွက် ဈေးအရှေ့ပြင်ရပ်ကွက်ရှိ ဂါလန် ၉၆၀၀၀ ဆံ့ စင်မြင့်ရေလှောင်ကန်မှ ရေပေးဝေရေး ရေပိုက်လိုင်းများပြုပြင်ဆောင်ရွက်မှုကို ဩဂုတ် ၁ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးခင်မောင်ချို ကြပ်မတ်စစ်ဆေးစဉ်။ (မြို့နယ် စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ခုနှစ်
(ဝါခေါင်လပြည့်ကျော် ၁၂ ရက်)
၂၀-၈-၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ဓေဂ္ဂသုတ်)

နေ့လယ်ပိုင်း

၁၀:၀၀ သိပ္ပံအကြောင်း သိကောင်းစရာ (သိပ္ပံနှင့် နည်းပညာတိုးတက်မှုတချို့အကြောင်း-သိပ္ပံမှူးတင်)
၁၁:၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုးစုပါကောင်းနို့စားနွားမွေးမြူရေးလုပ်ငန်း)
၁၁:၃၀ မေတို့တွက်တာ လှကမ္ဘာ (ဆန်းဆန်းပြားပြား အိတ်အလှစတိုင်ကျကျ ရှုမဝ)
၁၁:၄၅ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ချစ်လို့ပါ
(၂) တမ်းတ နွမ်းလျ လွမ်းရသူပါမောင်
(၃) တစ်ခါပဲမုန်းပါစေ
၁၂:၀၀ ကလေးများအတွက် ပုံပြင် (ဦးတီပိုးရဲ့နောင်တ)
၁၂:၃၀ ဓာတ်လမ်းပမာနားဆင်စရာ (နွေးထွေးသောမြေ)
၁၃:၁၀ ယဉ်ကျေးမှု အနုပညာ (အမျိုးသားယဉ်ကျေးမှု-ပါမောက္ခဦးဇေမောင်)

ညနေပိုင်း

၁၇:၀၀ ဟဒယရွှင်ဆေး (လူရွှင်တော် ဆိုနီ၊ မိုးကျော်၊ ရွှေနီ၊ ကျောက်ပန်းတို့၏ ဟဒယ)
၁၇:၁၅ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (မြန်မာနှင့်ပုံတောင်-ဒေါက်တာသက်လွင်)
၁၇:၃၀ သူ့အလှည့် (ခင်ညွန့်ရီ)
၁၈:၂၅ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာရန် စံသီချင်းများ (ခေတ်ဟောင်း/ကာလပေါ်) (ဝါသနာရှင်အဆင့် အမျိုးသမီး)
-စိတြဂီဝါ-ဒေါ်ကြည်အောင်
-စိမ်းရောင်စို-လေဘာတီမြရင်
-ခရီးဖော်-ဂီတလုလင် ဦးကိုကိုနှင့်အဖွဲ့
၁၈:၄၅ အာယုနှင့် သာစုဆွေးနွေးခန်း
၁၉:၁၅ အနုပညာရှင်များနှင့် ဆွေးနွေးခန်း (သရုပ်ဆောင်ထွန်းထွန်း-Example)
၂၀:၃၀ အင်္ဂလိပ်စကားပြောကြမယ် (English Lesson "Working Knowledge)
၂၀:၄၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ချစ်၍ချစ်ကာလာသည်မှကွယ်
(၂) မှာချင်တယ် မေမလွမ်းနဲ့
(၃) မိန်းကလေးရှင်ရဲ့ ဆန္ဒ

ဥဒေါင်းကန်လှပရေး လုပ်ငန်းဆောင်ရွက်

ဘုရားသုံးဆူ ဩဂုတ် ၅

ဘုရားသုံးဆူမြို့ ဥဒေါင်းကန် သာယာလှပရေး လုပ်ငန်းဆောင်ရွက်မှုကို ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ဇူလိုင် ၂၀ ရက်က ကွင်းဆင်းစစ်ဆေးကြည့်ရှုရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တာဝန်ခံ ဦးကိုကိုနိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ (၂) ဦးကျော်ကျော်လင်းတို့က လုပ်ငန်းဆောင်ရွက်ချက်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ပေါင်းတည်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဒေါ်ခင်ဆွေဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အမှုဆောင်များ ဩဂုတ် ၄ ရက်က မြို့နယ်ခုတင် (၅၀)ဆံ့ ပြည်သူ့ဆေးရုံကြီး အမျိုးသမီးများ ကုသဆောင်တွင် ဆေးဝါးကုသခံယူနေကြသော လူနာများကို ကြည့်ရှုအားပေးပြီး ထောက်ပံ့ငွေများပေးအပ်စဉ်။ (ဝ၆၄)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံရောက် ပညာသင် မြန်မာ ရဟန်းတော်များအဖွဲ့ပိုင် ကျောင်းတော် အတွက် မရမ်းကုန်းမြို့နယ် (၈)ရပ်ကွက် မဟာဘောဂလမ်း ကမ္ဘာအေး အမှတ် ၈၆၇နေ ဦးတင်ဝင်း-ဒေါ်ခင်ကြည်(ဆန်း ကိုကို ဘီစကစ်) မိသားစုက အလှူငွေ ကျပ်နှစ်သိန်း လှူဒါန်းရာ ကျောင်းဖြစ် မြောက်ရေး အကျိုးတော်ဆောင်ဥက္ကဋ္ဌ ဆရာတော် အရှင်ရာဇိန္ဒ(Pre.Ph.D)က ဂုဏ်ပြုလွှာ ချီးမြှင့်စဉ်။ (က-ပ)

ပဲခူးခရိုင်နှင့်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များဆွေးနွေး

ပဲခူး ဇူလိုင် ၃၀

ပဲခူးခရိုင် စစ်မှုထမ်းဟောင်းအဖွဲ့နှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားကို ဇူလိုင် ၁၈ရက် နံနက် ၁၀နာရီက ပဲခူးမြို့နယ် အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ ပဲခူးခရိုင် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မင်းနှင့်အဖွဲ့ဝင်များ၊ ပဲခူးခရိုင် ရှစ်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ နှင့် အတွင်းရေးမှူးများ တက်ရောက်ကြသည်။

မှာကြား

အခမ်းအနားတွင် ပဲခူးခရိုင်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မင်းက မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့များအား စစ်မှုထမ်းဟောင်းအရန် အဖွဲ့ဝင်များ တိုးပွားရေး အလေးထားစည်းရုံးဆောင်ရွက်ကြရန်တို့ကို မှာကြားကြောင်း သိရသည်။**(အပေါ်ပုံ)** **(ခရိုင် ပြန်/ဆက်)**

ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့် ဇူလိုင် ၃၀ရက်က ကျောက်တန်းမြို့နယ် တံတားမြို့ ကတ္တရာလမ်းများ ဆောင်ရွက်ပြီးစီးမှုနှင့် သန့်ရှင်းသာယာလှပရေးဆောင်ရွက်မှုကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ် စည်ပင်)

ဖလမ်းကျေးရွာစာကြည့်တိုက်ဖွံ့ဖြိုးရေးဆွေးနွေး ရည်ရွယ်ချက်နှင့် ထိန်းသိမ်းရေးနည်းလမ်းများရှင်းလင်း

ဖလမ်း ဩဂုတ် ၁၃

ဖလမ်းမြို့နယ် ဟဲကျေးရွာ ကြွန်ကိပ် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးရေးဆွေးနွေးပွဲ အခမ်းအနားကို ဩဂုတ်၁၃ရက်က အဆိုပါ စာကြည့်တိုက်၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လိုင်နယ်ကိမ်းက ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာကြည့်တိုက်များ အခန်းကဏ္ဍတို့ကို ရှင်းလင်းပြောကြားပြီး စာထောက်-၃ ဒေါ်မန်ဆန်းလွန်က စာကြည့်တိုက်ထိန်းသိမ်းစောင့်ရှောက်ရေးနည်းလမ်းများ၊ စာကြည့်တိုက်စာအုပ်မှတ်ပုံတင်ခြင်းတို့ကို ဆွေးနွေးရှင်းလင်းသည်။

ထို့နောက် ကျေးရွာဥက္ကဋ္ဌ ဦးဇာကြောန်းနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ကော်မတီဝင်များက ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့် အစီအစဉ်များကိုတင်ပြရာ မြို့နယ်ဦးစီးမှူးဒေါ်လိုင်နယ်ကိမ်းက ရေရှည်တည်တံ့ခိုင်မြဲရေးဆောင်ရွက်ရမည့် နည်းလမ်းများကို ဆွေးနွေးပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး ကြွန်ကိပ်စာကြည့်တိုက်အတွက် မဂ္ဂဇင်း၊ ဂျာနယ်နှင့် သတင်းစာမျိုးစုံ အုပ် ၃၀လှူဒါန်းကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရေတာရှည်မြို့နယ် မြို့တွင်းလမ်းမကြီးဘေးဝဲယာတစ်လျှောက်ရေနုတ်မြောင်းများရေစီးရေလာ ကောင်းမွန်ရန်၊ သဲနုန်းများဆယ်ယူမှုကို ဩဂုတ် ၈ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြရာ လက်ထောက်အင်ဂျင်နီယာ ဦးလှိုင်မြင့်၊ အငယ်တန်းအင်ဂျင်နီယာ (၂)မြို့ပြ ဒေါ်ညိုညိုစံတို့ ကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

စုပေါင်းသန့်ရှင်း

မြစ်ကြီးနား ဩဂုတ် ၅

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်း၍ ဇူလိုင် ၁၇ရက်က ပြည်ထောင်စုလမ်းမဘေးဝဲယာတစ်လျှောက် နှစ်ရှည် အရိပ်ရပင်များ အလင်းဖွင့်ပုံဖော်ခြင်း၊ သန့်ရှင်းရေး ဆောင်ရွက်ခြင်းနှင့်လမ်းလယ်ကျွန်းပန်းပေါင်ပေါ်ရှိ အာသောကပင်များ လမ်းတစ်လျှောက် ညီညာလှပစေရေး အတွက် ပုံဖော်ဖြတ်တောက် မှုလုပ်ငန်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးလှမျိုးနှင့် အင်ဂျင်နီယာမှူးတို့ ကြီးကြပ် ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မြဝတီမြို့နယ် စည်ပင်သာယာရေး အဖွဲ့က ဆောင်ရွက်သော ပြည်နိုင်ဖြိုးလမ်း ကတ္တရာခင်းရန်အတွက် ကျောက်စုဆောင်းထားရှိမှုကို ပြည်နယ် စည်ပင် သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ဇူလိုင် ၂၀ရက်က ကွင်းဆင်း စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းကရှင်းလင်း တင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဝမ်းလျှော ဝမ်းပျက်ရောဂါ ကာကွယ်ကုသပါ

၁။ ဝမ်းလျှော ဝမ်းပျက်ရောဂါသည်ကူးစက်ရောဂါဖြစ်သည်။ ရောဂါပိုးများသည် ရောဂါဖြစ်ပွားနေသူ၏ ဝမ်းနှင့် အန်ဖတ်များတွင်ပါရှိသည်။ ရောဂါပိုးများပါဝင်သည့် ရေနှင့်အစားအစာများကို စားသောက်မိခြင်းကြောင့် ရောဂါကူးစက်ပြန့်ပွားသည်။

၂။ အစားအသောက်များသည် အောက်ပါအကြောင်းအချက်များကြောင့် ရောဂါပိုးများ ကူးစက်ဝင်ရောက်နိုင်သည်။

* အစားအသောက်များပေါ်သို့ ယင်အုံ ယင်နားခြင်း၊
* အစားအသောက်ထည့်သည့် အိုးခွက်ပန်းကန်များကို မသန့်ရှင်းသည့်ရေဖြင့် ဆေးကြောအသုံးပြုခြင်း၊
* မသန့်ရှင်းသည့်လက်ဖြင့် အစားအသောက်များကို ကိုင်တွယ် ချက်ပြုတ်ပြင်ဆင်ခြင်း၊
* မသန့်ရှင်းသည့် အိုးခွက်ပန်းကန်ဖြင့် ချက်ပြုတ်ပြင်ဆင်သိမ်းဆည်းခြင်း။

၃။ သောက်သုံးရေများသည် အောက်ပါအကြောင်းများကြောင့် ညစ်ညမ်း၍ ရောဂါပိုးများ ကူးစက်ဝင်ရောက်နိုင်သည်။

* သောက်သုံးရေအဖြစ်အသုံးပြုသည့် ရေတွင်းရေကန်များအတွင်းသို့ ပြင်ပမှ ညစ်ညမ်းသည့်ရေများ စီးဝင်ခြင်း၊
* ရေတွင်းရေကန်များထဲသို့ မသန့်ရှင်းသည့် ရေခွက်၊ ရေပုံးများဖြင့် ခပ်ယူခြင်း၊
* သောက်သုံးရေတွင်း၊ ရေကန်များအနီးတွင် ရေချိုးခြင်း၊ အဝတ်လျှော်ခြင်း၊
* သောက်သုံးရေတွင်း၊ ရေကန်များသည် အိမ်သာ၊ အညစ်အကြေး စွန့်ရာနေရာစသည်တို့နှင့် နီးကပ်စွာတည်ရှိခြင်း၊ ပို၍နိမ့်သည့် နေရာတွင်ရှိခြင်း၊
* သောက်သုံးရေတွင်း၊ ရေကန်များအနီးသို့ ကျွဲ၊ နွား၊ ခွေးစသည့် တိရစ္ဆာန်များ ဝင်ရောက်ခြင်း။

၄။ ဝမ်းလျှော ဝမ်းပျက်ရောဂါဖြစ်ပွားခြင်းမှ ကာကွယ်ရန်

* သောက်သုံးရေတွင်း၊ရေကန်များအနီးနှင့် မြင့်သောနေရာတွင် အိမ်သာဆောက်ခြင်း၊ မစင်စွန့်ခြင်းတို့မှ ရှောင်ကြဉ်ပါ၊
* သောက်သုံးရေတွင်း၊ ရေကန်များအနီးတွင် ရေချိုးခြင်း၊ အဝတ်လျှော်ခြင်း မပြုပါနှင့်၊
* ရေတွင်း၊ ရေကန်များထဲသို့ တစ်ဦးချင်းသယ်ဆောင်လာသည့် ရေပုံး၊ ရေခွက်များနှင့် မခပ်ပါနှင့်၊ ရေခပ်ယူရန်လိုအပ်ပါက ရေတွင်း၊ ရေကန်အနီးတွင် သန့်ရှင်းသော ရေခွက်၊ ရေပုံး သီးသန့်ထားရှိပါ၊
* ရေကို ကျိုချက်၍သောက်ပါ၊
* သန့်ရှင်းလတ်ဆတ်သည့် အစားအစာများကိုစားပါ၊
* အစားအစာများကို ယင်မနားအောင်ဖုံးအုပ်ထားပါ၊ ယင်နားစာများ မစားပါနှင့်၊
* အစားအစာများကို မကိုင်တွယ်မီ လက်ကိုရေနှင့်ဆပ်ပြာသုံး၍ စင်ကြယ်အောင်ဆေးကြောပါ၊
* အစားအစာများထည့်သည့် အိုး၊ခွက်၊ပန်းကန်များကို သန့်ရှင်းသည့် ရေနှင့်ဆပ်ပြာသုံး၍ စင်ကြယ်အောင် ဆေးကြောပါ၊
* ယင်လုံအိမ်သာ အသုံးပြုပါ၊
* အိမ်သာမှဆင်းတိုင်းနှင့် မစင်၊ အန်ဖတ် စသည်တို့ကို ထိတွေ့ကိုင်တွယ်ပြီးတိုင်း လက်ကိုရေနှင့်ဆပ်ပြာသုံး၍ စင်ကြယ်အောင်ဆေးကြောပါ။

၅။ အကယ်၍ ဝမ်းလျှော ဝမ်းပျက်ရောဂါဖြစ်ပွားပါက ဓာတ်ဆားရည်ကို အညွှန်းအတိုင်း တိကျစွာဖျော်၍သောက်ပြီး နီးရာဆေးရုံဆေးခန်းတွင် ဆောလျင်စွာ ပြသကုသမှုခံယူပါ။ မိမိမှတစ်ဆင့် အခြားသူများသို့ ရောဂါမကူးစက်ရန် သတိပြုကာကွယ်ပါ။

ကျန်းမာရေးဝန်ကြီးဌာန

လူငယ့်အားမာန် စာကြည့်တိုက် (၂)နှစ်ပြည့် အထိမ်းအမှတ် မူလတန်းဆင့် ကဗျာရွတ်နှင့် ပုံပြောပြိုင်ပွဲ ချောင်းဦး၌ကျင်းပ

ချောင်းဦး ဩဂုတ် ၉

စစ်ကိုင်းတိုင်း မုံရွာခရိုင် ချောင်းဦးမြို့နယ် ခင်မွန်ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ရွှေဒေါင်းရပ်ကွက် လူငယ့်အားမာန် စာကြည့်တိုက် (၂)နှစ်ပြည့် အထိမ်းအမှတ် မူလတန်းဆင့် ကဗျာရွတ်နှင့် ပုံပြောပြိုင်ပွဲကို ဩဂုတ်၇ရက် နံနက်၈နာရီခွဲက ယင်းစာကြည့်တိုက်တွင် ကျင်းပသည်။

အခမ်းအနားသို့ ချောင်းဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂)ဦးဇော်မင်း၊ ချောင်းဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာလှစိန်နှင့် အလုပ်အမှုဆောင်များ၊ လူငယ့် အားမာန်စာကြည့်တိုက်ဥက္ကဋ္ဌ ဦးကြည်ပုနှင့် အမှုဆောင်များနှင့် ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများ တက်ရောက် ကြသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂) ဦးဇော်မင်း၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာလှစိန်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးသန်းမွှေးတို့က အမှာစကားပြောကြားကြပြီး ကဗျာရွတ်နှင့် ပုံပြောပြိုင်ပွဲကို ဆက်လက်ကျင်းပသည်။**(အောက်ပုံ)**

ဆက်လက်ပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာ ကဗျာရွတ်နှင့် ပုံပြောပြိုင်ပွဲတွင် ဆုရသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ကြသည်။ **(ကြံ့ခိုင်ဖွံ့ဖြိုးရေး)**

သြဂုတ် ၁၁ ရက်က သဃ်န်းကျွန်းမြို့နယ် ၈/တောင် ရပ်ကွက်အတွင်းရှိ ဥက္ကလာဦးစေတီတော် ရွှေသင်္ကန်းကပ်လှူရန်အတွက် ဖခင်ကြီး (ဦးထွန်းလှိုင်)အားရည်စူး၍ မိခင်ကြီး ဒေါ်မြသွယ်၊ သား ဦးမြင့်သိန်း–ဒေါ်အေးငြိမ်းမိသားစု အမှတ်၁၉၊ ၄လမ်း (၁၅)ရပ်ကွက် တောင်ဥက္ကလာက ငွေကျပ်နှစ်သိန်းလှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးငွေနှင့် ဦးမောင်မောင်စိုးတို့က လက်ခံယူစဉ်။ (က–ပ)

ရခိုင်ပြည်နယ် စည်ပင်သာယာဝန်ထမ်းများ အခြေခံကွန်ပျူတာသင်တန်းဆင်းပွဲကျင်းပ

စစ်တွေ သြဂုတ် ၁၀

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့နှင့် စစ်တွေမြို့ အစိုးရကွန်ပျူတာကောလိပ်တို့ ပူးပေါင်းဆောင်ရွက်သည့် ကွန်ပျူတာအခြေခံသင်တန်း (၁/၂၀၀၆) ကို ဇူလိုင် ၃ရက်မှ သြဂုတ် ၂ရက်အထိ ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ရုံး မြို့တော်ခန်းမတွင် ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

သင်တန်းဆင်းလက်မှတ်ပေး

သင်တန်းဆင်းပွဲအခမ်းအနားကို သြဂုတ်၃ရက်ကကျင်းပရာ သင်တန်းတွင် ဝန်ထမ်း ၂၃ ဦးအား သင်တန်းဆင်းလက်မှတ်များကို တာဝန်ရှိသူများက ပေးအပ်ကြပြီး သင်တန်းတွင် ပထမဆုရရှိသူ ဦးကျော်ထွန်းလှ (ပြည်နယ်စည်ပင်) အား ညွှန်ကြားရေးမှူး ဦးအုန်းသွင်က ဆုချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

(ပြည်နယ်စည်ပင်)

နှစ်ဖက်သောမိဘများအား အမှူးထား၍ ဦးရန်စိမ်း–ဒေါ်ဖြူဖြူမြင့် သား မောင်ရန်အောင်ဇော် မိသားစုတို့က ဇရာဝတီတိုင်း မြန်အောင်မြို့ ပရဟိတမြို့ရွှေကျောင်းတိုက် မြန်အောင်သမ္မုဒ္ဒေ စေတီရံတစ်ဆူနှင့် နဂါးရုံဘုရားတစ်ဆူတို့အတွက် အလှူတော်ငွေ ကျပ်နှစ်သိန်းနှစ်သောင်း လှူဒါန်းရာ သာသနာပြုဆရာတော်က ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က–ပ)

နတ်တလင်းမြို့နယ် ကျေးရွာစာကြည့်တိုက်များအတွက် ရန်ပုံငွေလှူဒါန်း

နတ်တလင်း သြဂုတ် ၉

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ တာဝန်ယူဖွင့်လှစ်ထားရှိသော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ရန်ပုံငွေလှူဒါန်းပွဲအခမ်းအနားကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ သြဂုတ် ၅ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံတပ်ရင်းမှ ဒုတိယဗိုလ်မှူးကြီးဇော်ဝင်းက ကျေးရွာ ကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက်များဖြစ်သည့် မြို့ခြံအုပ်စု ပညာ ဝေပုလ္လ စာကြည့်တိုက်၊ သခွတ်တန်းအုပ်စုသရဖူစာကြည့်တိုက်၊ ပဲမခမ်း အုပ်စု ပြည့်ဝချမ်းသာ စာကြည့်တိုက် တို့ကို ရန်ပုံငွေကျပ် ၅၀၀၀၀ စီ စုစုပေါင်းငွေကျပ် ၁၅၀၀၀၀အား ကျေးရွာ အုပ်စုဥက္ကဋ္ဌများသို့ ပေးအပ်လှူဒါန်းရာ **(ယာပုံ)**သာယာဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိ ဒေါ်တင်တင်ဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးစန်းလှိုင်နှင့်ဝန်ထမ်းများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့ပေါ်(၄)ရပ်ကွက်နှင့် ကျေးရွာ(၃)အုပ်စုတို့မှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ စုစုပေါင်းအင်အား ၁၀၀ ကျော် တက်ရောက်သည်။

(မြို့နယ် ပြန်/ဆက်)

ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ လက်ထောက် ညွှန်ကြားရေးမှူး ဦးဝင်းစိန် ဇူလိုင် ၁၆ရက်က အုတ်တွင်း မြို့မဈေး ကြီး အ တွင်း ရောင်းချသော သား၊ ငါးဆိုင်များ ယင်လုံဆန်ခါဖြင့် ရောင်းချရေး၊ ဈေးသန့်ရှင်းရေးနှင့် အိုင်အိုဒင်းဆား ရောင်းချနေမှုများကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်ရှိန်က ရှင်းလင်းတင်ပြစဉ်။ (၃၁၆)

မြို့နယ် သတင်းများ

ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောရွှေနှင့် ဝန်ထမ်းများ သြဂုတ် ၅ရက်က မြို့အဝင်ဆိုင်းဘုတ်မှ ဗိုလ်တေဇလမ်းအထိ လမ်းဘေး ဝဲယာတစ်လျှောက် ပန်းအိုးများတွင် ပေါင်းမြက်များ စုပေါင်းရှင်းလင်းကြစဉ်။ (မြို့နယ်စည်ပင်)

မျက်စိနာရောဂါကာကွယ်ရေး နှိုးဆော်ချက်

မျက်စိနာရောဂါသည် ဘက်တီးရီးယားဗိုင်းရပ်(စ်)၊ ဖန်ဂိုင်၊ ကလမိုင်ဒီးယား၊ ပိုးကူးစက်ခံရခြင်းကြောင့် ဖြစ်ပွားသည်။ မျက်စိနာရောဂါသည် အသက်အရွယ်မရွေး၊ ကလေးလူကြီးအားလုံးတွင် ဖြစ်ပွားနိုင်သည်။ သာမန်အားဖြင့် ကလေးများတွင်ဖြစ်ပွားလေ့ရှိပြီး ၁၀ရက်မှ နှစ်ပတ်အတွင်း အလိုအလျောက် ပျောက်ကင်းနိုင်ပါသည်။ မျက်စိနာရောဂါသည် ရောဂါပိုးပါဝင်သောမျက်ဝတ်နှင့် အသုံးအဆောင်ပစ္စည်းများကို ကိုင်တွယ်မိသည့်လက်မှ မျက်စိသို့ တိုက်ရိုက်ကူးစက်နိုင်ပါသည်။

ရောဂါလက္ခဏာများ

မျက်စိနာရောဂါဖြစ်ပွားပါက မျက်စိနီရဲခြင်း၊ မျက်ဝတ်ထွက်ခြင်း၊ နံနက်အိပ်ရာထချိန်တွင် မျက်ဝတ်ထွက်၍ မျက်စိပိတ်နေခြင်း၊ မျက်စိယားခြင်း၊ အောင့်ခြင်း၊ မျက်ခွံများရောင်ရမ်းပြီး မျက်မြေးလွှာအောက်တွင် သွေးယိုစိမ့်ခြင်းများ ဖြစ်နိုင်ပါသည်။

မျက်စိနာရောဂါပြင်းထန်ပါက ကိုယ်အနည်းငယ်ပူပြီး မအီမသာဖြစ်ခြင်း၊ ခေါင်းကိုက်ဇက်ထိုးခြင်း၊ လည်ပင်းနှင့်မေးရိုး အောက်ဝန်းကျင်ရှိ အကျိတ်များ ရောင်ရမ်းခြင်းဖြစ်နိုင်ပါသည်။

မျက်စိနာရောဂါဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန်

* တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ။
* မျက်စိနာရောဂါဖြစ်ပွားသူ၏ လက်ကိုင်ပဝါ၊ မျက်နှာ သုတ်ပဝါ၊ ခေါင်းအုံး၊ အိပ်ရာ၊ ဖောင်တိန်၊ မျက်မှန် စသည်တို့ကို အတူတကွ အသုံးမပြုဘဲ သီးခြားသုံးစွဲပါ။
* မလွှဲမရှောင်သာ၍ ကိုင်တွယ် ထိစပ်မိပါကလည်း ကိုင်တွယ်ပြီးသည်နှင့် လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောပါ။
* မလိုအပ်ဘဲ မျက်စိကို လက်ဖြင့်ပွတ်ခြင်းမှ ရှောင်ကြဉ်ပါ။
* ရောဂါကာကွယ်စေနိုင်သော ဟင်းသီးဟင်းရွက်၊ အသီး အနှံများနှင့် ဗီတာမင်စီကြွယ်ဝသော အစာအစားများကို စားသုံးပါ။
* မျက်စိနာရောဂါဖြစ်ပွားပါက ဆေးမြီးတိုများဖြင့် မကုသဘဲ တတ်ကျွမ်းနားလည်သည့် ကျန်းမာရေးဝန်ထမ်းနှင့် ပြသ၍ ကုသမှုခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန

ပခုက္ကူမြို့ မြို့မဈေးအတွင်းရောင်းချသော ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများတွင် ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာပါဝင်မှုများပြီး စားသုံးရန် သင့်လျော်မှုရှိမရှိကို ဇူလိုင် ၁၀ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ကျန်းမာရေးမှူး(၂)ဦးလင်းလင်းနှင့် ဒုတိယဦးစီးမှူး(ဈေး) ဦးလင်းမင်းညွန့်တို့က ကွင်းဆင်းစစ်ဆေးကြစဉ်။

(မြို့နယ်စည်ပင်)

နတ်မြစ်ကမ်းခြေ၌ ဒီရေတောပျိုးပင်စိုက်ပျိုး

မောင်တော သြဂုတ် ၅

မောင်တောမြို့နယ် နတ်မြစ်ကမ်းခြေ အရှေ့ကမ်းဘေး၌ ဒီရေတော သစ်ပင်စိုက်ပျိုးရေးလုပ်ငန်းကို ဇူလိုင် ၂၅ရက် နံနက် ၉နာရီက သစ်တောဦးစီးဌာန၊ ဒေသခံပြည်သူများစုပေါင်း၍ ဓနိ၊ သက်မဲ့၊ ကန့်ပလာနှင့် လမု စသော ဒီရေတောပျိုးပင် သုံးသိန်းငါးသောင်းကို စုပေါင်းစိုက်ပျိုးကြသည်။ **(အောက်ပုံ)**

အဆိုပါ ပျိုးပင်စိုက်ပျိုးရာသို့ ရခိုင်ပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်အေးနှင့်အတူ ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

စိတ်ထားကြံ့ခိုင် ပန်းတိုင်ဒို့တက် အောင်ပွဲဆက်

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီးခန့်အပ်လွှာပေးအပ်

နေပြည်တော် ဩဂုတ် ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော မစ္စတာ တာကီ၊ဘင်၊နာဂျီ၊အဗ္ဗဒူ၊ ကာဒါ၊အယ်လ်၊အလီသည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကိုပေးအပ်သည်။ **(ယာပုံ)**

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီး ဦးကျော်သူနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ဩဂုတ် ၁၈ရက်၌ မိုးရွာသွန်းလေသမျှ

တောင်ကြီး	၃ ဒသမ ၁၁ လက်မ
ဗန်းမော်	၂ ဒသမ ၉၉ လက်မ
ကျောက်ပန်းတောင်း	၂ ဒသမ ၁၇ လက်မ
ဟင်္သာတ	၂ ဒသမ ၀၁ လက်မ
သံတွဲ	၁ ဒသမ ၅၀ လက်မ
အမ်းမြို့	၁ ဒသမ ၂၂ လက်မ
ရန်ကုန်(မင်္ဂလာဒုံ)	၀ ဒသမ ၉၁ လက်မ

ပြည်သူများ ကျန်းမာရေးအသိတရားများတိုးပွားလာရန် စေတနာထားဆောင်ရွက် ခေတ်မီကုထုံးနည်းပညာရပ်များဆည်းပူးရင်း ကုသရေးလုပ်ငန်းများ ထက်မြက်အောင်ကြိုးပမ်း ဒေသဖွံ့ဖြိုးတိုးတက်ရေး တိုင်းရင်းသားပြည်သူများနှင့် ပူးပေါင်းလက်တွဲလုပ်ကိုင်

နေပြည်တော် ဩဂုတ် ၁၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဩဂုတ် ၁၄ ရက်က ကျိုင်းတုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဖောက်လုပ်ခဲ့သည့် ဟွေခါး-ဝမ်ပေါင်ကျေးရွာ ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးပြီး ကျိုင်းတုံမြို့၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

အားပေးချီးမြှင့်

ရှေးဦးစွာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဖောက်လုပ်ပြီးစီးသွားသည့် ဟွေခါး-ဝမ်ပေါင်ကျေးရွာ ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို နံနက် ၉ နာရီက အဆိုပါလမ်းထိပ်မုခ်ဦး၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အားပေးချီးမြှင့်သည်။

စာမျက်နှာ ၆ ကော်လံ ၁ ✡

ကျိုင်းတုံဒီဂရီကောလိပ် နှစ်ထပ်စာသင်ဆောင် တည်ဆောက်မှု

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကျိုင်းတုံ ဒီဂရီကောလိပ် နှစ်ထပ် စာသင်ဆောင် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

19-8 (20).p65 1 1/3/32, 1:16 PM